ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ ဝါဆိုလဆန်း ၁၁ ရက်၊ တနင်္လာနေ့၊ (11-7-2011) (၆၈၁၇)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
☆ အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး
☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
☆ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဖောင်၏ ကိုယ်ရေးအတ္ထုပ္ပတ္တိ

နေပြည်တော် ဇူလိုင် ၁၁

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဖောင်။

မစ္စတာ သွန်ဆင်းသမာဖောင်အား ၁၉၄၄ ခုနှစ် ဧပြီ ၁၂ ရက်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ဝန်ထမ်းရေးရာစီမံခန့်ခွဲမှုဆိုင်ရာ လက်မှတ်ရတစ်ဦးဖြစ်သည်။ ၎င်းသည် အလယ်တန်းကျောင်းနှင့် တပ်မတော်ဆေးကျောင်းတွင် ပညာသင်ကြားပြီးနောက် ဟွာဖန်ပြည်နယ် စန်ယူဝါခရိုင် အလယ်တန်းကျောင်းတွင် ကျောင်းဆရာနှင့် အဆိုပါကျောင်း၏ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူးအဖြစ် ၁၉၆၃ ခုနှစ်တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ထိုအချိန်မှစ၍ ၎င်းသည် ကောလိပ်၊ အထက်တန်းကျောင်း၊ အလယ်တန်းကျောင်းတို့တွင် ရာထူးအမျိုးမျိုးဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၁၉၆၇ ခုနှစ်တွင် ပညာရေးဝန်ကြီးဌာန၌ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ယဉ်ကျေးမှုဝန်ကြီးဌာန၏ သတင်းစာ၊ ရေဒီယိုနှင့် သတင်းကော်မတီ၏ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၎င်းသည် ၁၉၅၉ ခုနှစ်တွင် တော်လှန်ရေးလှုပ်ရှားမှု၌ စတင်ပါဝင်ခဲ့ပြီး လာအိုပြည်သူ့တော်လှန်ရေးပါတီသို့ ၁၉၆၇ ခုနှစ်တွင် ဝင်ရောက်ခဲ့သည်။ ၁၉၈၂ ခုနှစ်တွင် ၎င်းသည် ပါတီဗဟိုကော်မတီ၏ အလှည့်ကျအဖွဲ့ဝင်နှင့် ဗဟိုကော်မတီ လေ့ကျင့်ရေးနှင့် ဝါဒဖြန့်ချိရေးဘုတ်အဖွဲ့၏ လက်ထောက်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ယင်းသို့ တာဝန်မထမ်းဆောင်မီ အုပ်ချုပ်မှုဆိုင်ရာနှင့် သိမ်မွေ့နူးညံ့သည့် ပရိယာယ်အယူအဆဆိုင်ရာနှင့်ပတ်သက်သော ပညာရပ်တို့ကို လေ့လာသင်ကြားခဲ့သည်။ ၁၉၈၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။ ၁၉၈၉ ခုနှစ်တွင် လာအိုပြည်သူ့တော်လှန်ရေးပါတီကော်မတီ၏ အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၂ ခုနှစ်မှ စတင်၍ ယခုအထိ ပါတီဗဟိုကော်မတီ၏ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်အဖြစ် ရွေးချယ်ခံရသည်။ ၎င်းသည် ၂၀၀၂ မှ ၂၀၀၆ ခုနှစ်အထိ ဗီယင်ကျန်းမြို့တော်၏ ပါတီကော်မတီ အတွင်းရေးမှူးနှင့် မြို့တော်ဝန်အဖြစ် ရွေးချယ်ခံခဲ့ရသည်။

၎င်းသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယအကြိမ်မြောက် ပြည်သူ့လွှတ်တော်၏ ဒုတိယဥက္ကဋ္ဌအဖြစ် ၁၉၈၉ မှ ၁၉၉၁ ခုနှစ်အထိ လည်းကောင်း၊ ခေတ္တဥက္ကဋ္ဌအဖြစ် ၁၉၉၁ မှ ၁၉၉၂ ခုနှစ် အထိလည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ဆဋ္ဌမအကြိမ်မြောက် ပြည်သူ့လွှတ်တော်၏ ဥက္ကဋ္ဌအဖြစ် ၂၀၀၆ မှ ၂၀၁၀ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။

၎င်းသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်အဖြစ် ၂၀၁၁ ခုနှစ်တွင် ခန့်အပ်ခြင်းခံရသည်။ (သတင်းစဉ်)

ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားများ အခြေခံပညာကျောင်းများအားလုံး တစ်ပြိုင်နက် ကျင်းပ

နေပြည်တော် ဇူလိုင် ၁၀

၂၀၁၁ -၂၀၁၂ ပညာသင်နှစ် အခြေခံပညာကျောင်းများ၏ ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ အခမ်းအနားများကို ယနေ့တွင် အခြေခံပညာကျောင်းများအားလုံး၌ တစ်ပြိုင်နက်ကျင်းပကြသည်။

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး ၂၀၁၁ -၂၀၁၂ ပညာသင်နှစ် အခြေခံပညာကျောင်းများ၏ ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ အခမ်းအနားတွင် အထိမ်းအမှတ်သစ်ပင် စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာဝင်းလှိုင်၊ အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(တာဝန်) ဦးရဲလွင်အောင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ အမှတ်(၂၆)နှင့် အမှတ် (၂၈) အခြေခံပညာအထက်တန်းကျောင်းများနှင့် မန္တလေးပညာရေးကောလိပ်တို့သို့ သွားရောက်၍ ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ အထိမ်းအမှတ်သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားများသို့ တက်ရောက်ပြီး အထိမ်းအမှတ်သစ်ပင်များ စိုက်ပျိုးပေးသည်။ ထို့နောက် ကျောင်းအလိုက် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၏ အရိပ်ရစားပင်၊ ရတနာတန်းဝင် နှစ်ရှည်ပင်နှင့် နှစ်တိုနှစ်ရှည် ပန်းအလှပင်များ စုပေါင်းစိုက်ပျိုးနေမှုတို့ကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။

(သတင်းစဉ်)

ယနေ့ သတင်းအညွှန်း

တောင်သူများ ဝင်ငွေတိုးရေး၊ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေး ပညာပေးဆောင်ရွက်

(သတင်း) စာမျက်နှာ -၃

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

(သတင်း) စာမျက်နှာ -၁၀





ကမ္ဘာ့ဖလားအမျိုးသမီးဘောလုံးပြိုင်ပွဲ ပြင်သစ်၊ ဂျပန်နှင့် ဆွီဒင်တို့ အကြိုဗိုလ်လုပွဲတက်

(သတင်း) စာမျက်နှာ -၁၀

ကြေးမုံ The Mirror
၁၁-၇-၂၀၁၁
(တနင်္လာနေ့)

မျိုးသန့်မျိုးပွားရေး မျိုးသန့်ဇုန်များ ထူထောင်

ယခုနှစ် မုတ်သုံမိုးဦးကောင်းနေသည်။

စပါးစိုက်ပျိုးရာသီချိန်ဖြစ်ရာ မြန်မာ့လယ်ယာတစ်ခွင်၌ မိုးစပါးများ စိုက်ပျိုးနေကြပြီ။ အချို့ဒေသများ၌ မိုးရွာသွန်းမှုများလွန်းသဖြင့် ရေကျချိန်ကိုစောင့်၍ စိုက်ပျိုးရန်ပြင်ဆင်နေကြရသည်။ စပါးအများဆုံး စိုက်ပျိုးရာဒေသများ၌ မိုးစပါးများ သတ်မှတ်လျာထားရည်မှန်းချက်နှင့်အညီ စိုက်ပျိုးသွားနိုင်ရေး ကြိုးပမ်းကြရပေမည်။

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသောနိုင်ငံဖြစ်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် လယ်ယာကဏ္ဍသည် အရေးပါနေဆဲဖြစ်သည်။ ထို့ကြောင့် လယ်ယာကဏ္ဍထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေ အပါအဝင် လိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိသည်။ လယ်ယာလုပ်ငန်း လုပ်ကိုင်နေကြသူ ကျေးလက်ဒေသနေ ပြည်သူများ၏ လူမှုစီးပွားမြင့်မားရေးကို အလေးထားဖော်ဆောင်ပေးနေခြင်းဖြစ်သည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များတွင် လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးသည် အပါအဝင်ဖြစ်သည်။ အထွက်တိုး မျိုးကောင်းမျိုးသန့်မျိုးစေ့များ ဖြန့်ဖြူးပေးခြင်း၊ သီးနှံအလိုက် အရည်အသွေးကောင်းမွန်ပြီး အထွက်နှုန်းကောင်းမွန်ရေးအတွက် ခေတ်မီသိပ္ပံနည်းကျ စိုက်နည်းစနစ်များ လက်တွေ့ပြသပေးခြင်းတို့ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးလျက်ရှိသည်။

တောင်သူလယ်သမားများအနေဖြင့် အချိန်ရာသီအလိုက် သီးနှံစိုက်ပျိုးမှုလုပ်ငန်းများကို လုပ်ကိုင်ရင်း တစ်ဖက်မှလည်း ခေတ်မီသိပ္ပံနည်းကျ စိုက်နည်းစနစ်များကို ဒေသ၏ရေမြေရာသီဥတု ကိုက်ညီမှုနှင့်အညီ လုပ်ကိုင်ကြရန်လည်း လိုအပ်သည်။ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် သီးနှံမျိုးသန့်ပွားများရေးအတွက် မျိုးသန့်ဇုန်များ ထူထောင်ကြရန် လိုအပ်မည်ဖြစ်သည်။

တောင်သူလယ်သမားများ၏ အဓိကဝင်ငွေသည် ရာသီသီးနှံများ စိုက်ပျိုးခြင်းမှရရှိသည့် ဝင်ငွေအပေါ် အားထားနေရခြင်းဖြစ်ရာ သီးနှံအထွက်နှုန်းကောင်း၊ အရည်အသွေးကောင်းပြီး ပြည်ပဈေးကွက်သို့ တိုးမြှင့်တင်ပို့နိုင်ရေး ကြိုးပမ်းကြရပေမည်။ ဆန်စပါးအထွက်ကောင်းသည့် ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ပိုမိုတိုးတက် စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် ပြည်ပပို့ကုန် ဆန်စပါးအထူးဇုန်များ ထူထောင်နိုင်ရေး ကြံဆကြိုးပမ်းကြရပေမည်။

ယခုအခါ သီးနှံထုတ်လုပ်မှုတိုးတက်ရေးအတွက် လက်တွေ့ကျကျ အားပေးကူညီနေကြပြီ။ အထွက်တိုး မျိုးကောင်းမျိုးသန့်မျိုးစေ့များ အသုံးပြု၍ ခေတ်မီသိပ္ပံနည်းကျ စိုက်နည်းစနစ်များ လက်တွေ့ကျင့်သုံးစိုက်ပျိုးမှုကြောင့် အောင်မြင်ဖြစ်ထွန်းမှုရလဒ်များကို တွေ့မြင်နေကြရပြီ။ ဒေသအလိုက် ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်နိုင်ရေး ဖြည့်ဆည်းပေးကြခြင်းဖြင့် လယ်ယာကုန်ထုတ်လုပ်မှုများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ ။

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ မလှိုင်၌ ကျင်းပ

မလှိုင် ဇူလိုင် ၁၀

မလှိုင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ၂၀၁၁ ခုနှစ် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃ ရက်က မလှိုင်မြို့နယ် ကံကြီးကျေးရွာအနီး ခရိုင်ချင်းဆက်လမ်းဘေး၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းရွှေနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လှစိန်ခင်နှင့် အဖွဲ့ဝင်များ၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကျော်ဦးနှင့် ဝန်ထမ်းများက ယူကလစ်၊ တမာ၊ ကုက္ကိုနှင့် အရိပ်ရပင် ၆၀၀ ကို စုပေါင်းစိုက်ပျိုးကြသည်။ (၁၁၁)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇူလိုင် ၁၀

တနင်္သာရီတိုင်းဒေသကြီး၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၈ ရက် မွန်းလွဲ ၂ နာရီတွင် ထားဝယ်မြို့ရှိ တိုင်းဒေသကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးခင်ဇော် တက်ရောက်၍ အမှာစကားပြောကြားသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောကြားရာ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ကျရေးဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲမှ ဆွေးနွေးဆုံးဖြတ် ချမှတ်ပေးသည့် လုပ်ငန်း (၈)ရပ်ကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုအဆင့် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် လုပ်ငန်းကော်မတီများကို ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်လုပ်ငန်းကော်မတီ အဆင့်ဆင့်တို့က အသေးစိတ်စီမံချက်များ ရေးဆွဲ၍ ကျေးလက်ဒေသအရောက် ကွင်းဆင်းဆောင်ရွက်သွားကြရန်နှင့် ဆောင်ရွက်သည့်နေရာတွင် တာဝန်ရှိသည့် ဌာနဆိုင်ရာများ၊ NGO အဖွဲ့အစည်းများ၊ ဒေသအုပ်ချုပ်ရေးမှူးများ၊ ပြည်သူတစ်ရပ်လုံးက တာဝန်သိသိဖြင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးခင်ဇော် တနင်္သာရီတိုင်းဒေသကြီး၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ထို့နောက် တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးမြတ်ကိုက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းနှင့် ပတ်သက်၍ ဆောင်ရွက်မည့် လုပ်ငန်းကဏ္ဍများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး လုပ်ငန်း(၈)ရပ်နှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက်၊ လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

(သတင်းစဉ်)

သတင်းထောက်နှင့် ဓာတ်ပုံပညာသင်တန်း (၁/၂၀၁၁) ဖွင့်လှစ်

နေပြည်တော် ဇူလိုင် ၁၀

သတင်းထောက်နှင့် ဓာတ်ပုံပညာသင်တန်း(၁/၂၀၁၁)ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပရာ**(ဝဲပုံ)** ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးတင်သန်းဝင်းက အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းသို့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်နှင့် မြို့နယ်ခွဲရုံးများမှ သင်တန်းသား၊ သင်တန်းသူ ၄၂ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ယနေ့မှ ဇူလိုင် ၁၃ ရက် အထိ ဖွင့်လှစ်သင်ကြားပို့ချမည်ဖြစ်သည်။ (သတင်းစဉ်)

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ မြို့သစ်မြို့နယ်၌ ကျင်းပ

မြို့သစ် ဇူလိုင် ၁၀

မြို့သစ်မြို့နယ် ပုလင်းကြီးအုပ်စု ကံသာကျေးရွာ နေပြည်တော်-မြို့သစ်-ကံပြားလမ်း မိုင်တိုင်အမှတ် (၄၇/၄) အနီးတွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၉ ရက် နံနက်ပိုင်းက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုးနှင့် သစ်တောဦးစီးဌာန တာဝန်ခံတောအုပ်ကြီး ဦးဇော်လတ်တို့က သစ်ပင်များ စိုက်ပျိုး၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ အခမ်းအနားသို့ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူအင်အား ၂၃၀ တက်ရောက်၍ သစ်ပင်မျိုးစုံ ၁၆၁၃ ပင် စိုက်ပျိုးခဲ့သည်။

(မြို့နယ်ပြန်/ဆက်)

မာန်အောင်မြို့နယ်အသင်း စုပေါင်းအလှူနှင့် သက်ကြီးပူဇော်မည်

ရန်ကုန် ဇူလိုင် ၁၀

မာန်အောင်မြို့နယ်အသင်း(ရန်ကုန်)၏ (၁၅)ကြိမ်မြောက် စုပေါင်းအလှူပွဲနှင့် သက်ကြီးပူဇော်ပွဲကို အောက်တိုဘာ ၁၈ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်အနီး ရခိုင်ပြည်နယ် ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ၊ စေတနာရှင်များ၊ မြို့နယ်သူ၊ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုသူများ၊ အသက် (၇၅)နှစ်နှင့်အထက် ဘိုးဘွားများအမည်စာရင်းများကို ဥက္ကဋ္ဌ ဦးစိုးတင် ဖုန်း-၅၄၅၂၉၃၊ ဒုတိယဥက္ကဋ္ဌ(၁)ဦးထွေးဖြူ ဖုန်း-၅၀၂၆၃၄၊ ဒုတိယဥက္ကဋ္ဌ (၂) ဦးရွှေတင်အောင် ဖုန်း-၆၉၉၄၉၂၊ အတွင်းရေးမှူး ဒေါ်ညွန့်ညွန့်ကြည် ဖုန်း-၀၉-၅၀၉ ၁၃၉၄ နှင့် ဘဏ္ဍာရေးမှူး ဒေါ်သီသီအောင် ဖုန်း-၅၅၅၇၅၇ တို့ထံ သတင်းပေးပို့ကြပါရန် နှိုးဆော်ထားသည်။ (ကြေးမုံ)

မြန်မာနိုင်ငံ ဓာတ်ပုံအသင်းကိုယ်စားလှယ်အဖွဲ့ အင်ဒိုနီးရှားနိုင်ငံ ထွက်ခွာ

နေပြည်တော် ဇူလိုင် ၁၀

အင်ဒိုနီးရှားသမ္မတနိုင်ငံတွင် FPSI နှင့် FIAP တို့ကဦးစီး၍ တတိယအကြိမ် နိုင်ငံတကာဓာတ်ပုံပညာရှင်များ တွေ့ဆုံဆွေးနွေးပွဲကို ဇူလိုင် ၁၀ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်ရာ ယင်းပွဲတော်သို့ တက်ရောက်ရန် ဖိတ်ကြားချက်အရ မြန်မာနိုင်ငံဓာတ်ပုံအသင်း ကိုယ်စားပြု ဒေါက်တာမောင်မောင်ကြီး (ဆေးမန်း) ခေါင်းဆောင်၍ ဦးကျော်ဝင်း (လှဂုဏ်ရည်)၊ ဦးမြဝင်း(Rays)နှင့် ဦးဆန်နီ (သိင်္ဂီရွှေရည်) တို့ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၈ ရက် ညပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။ **(ယာပုံ)** (သတင်းစဉ်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၀-၇-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၂၉၀၀	၀. ၀၃၃၀၂
တရုတ် (ယွမ်)	၆. ၄၆၅၀၀	၀. ၁၅၄၆၈
အိန္ဒိယ (ရူပီး)	၄၄. ၃၇၀၀	၀. ၀၂၂၅၄
မလေးရှား (ရင်းဂစ်)	၂. ၉၉၄၀၀	၀. ၃၃၄၀၀
စင်ကာပူ (ဒေါ်လာ)	၁. ၂၂၁၂၀	၀. ၈၁၈၈၇
ဂျပန် (ယန်း)	၈၀. ၆၂၀၀	၀. ၀၁၂၄၀
တောင်ကိုရီးယား(ဝမ်)	၁၀၅၆. ၀၀	၀. ၀၀၀၉၅
ယူရို	၀. ၇၀၁၀၅	၁. ၄၂၆၄၄
ဗြိတိသျှ (ပေါင်)	၀. ၆၂၂၇၈	၁. ၆၀၅၇၀

အင်တာနက်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ခေတ်မီ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် ပေါင်စနစ်ဖြင့် ပျိုးကြဲပွဲသို့ တက်ရောက်အားပေးစဉ်။

(သတင်းစဉ်)

တောင်သူများ ဝင်ငွေတိုးရေး၊ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေး ခေတ်မီသိပ္ပံနည်းကျ စိုက်နည်းစနစ်များ ပညာပေးဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၀

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့ နံနက် ၇ နာရီတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် မိုးစပါး သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် ဧက ၃၀ စိုက်ခင်း၌ ကျင်းပသည့် ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် ပေါင်စနစ်ဖြင့်ပျိုးကြဲပွဲသို့ တက်ရောက်ပြီး ဝန်ကြီးဌာန၏ အဓိကလုပ်ငန်းတာဝန်များဖြစ်သည့် စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ၏ တစ်ဧကအထွက်နှုန်းတိုးတက်ရေး၊ ဝင်ငွေတိုးတက်ရေးနှင့် လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးအတွက် ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များကို ကျယ်ကျယ်ပြန့်ပြန့် ပညာပေးဆောင်ရွက်သွားကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဝန်ထမ်းမိသားစုများနှင့်အတူ ခေတ်မီသိပ္ပံနည်းကျ ပေါင်စနစ်ဖြင့် ပျိုးကြဲပွဲ၌ ပါဝင်ပျိုးကြဲပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် နံနက် ၈ နာရီတွင် တစ်ဧကလျှင် တင်း ၁၀၀ ကျော် ထွက်ရှိနိုင်သည့် နွေစပါးစိုက်ခင်း၊ တစ်ဧက တင်း ၅၀-၆၀ ထွက်ရှိနိုင်မည့် အထူးအထွက်တိုး နေကြာစိုက်ခင်းနှင့် တစ်ဧက တန် ၆၀ ထွက်ရှိမည့် အထူးအထွက်တိုး ကြံစိုက်ခင်းတို့ကို လေ့လာရန် ရောက်ရှိနေသော နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရွှေခဲအင်း၊ ငွေခဲအင်းကျေးရွာမှ တောင်သူလယ်သမား ၅၀ ခန့်အား တွေ့ဆုံပြီး ဝန်ကြီးဌာနက လက်ရှိ ဆောင်ရွက်လျက်ရှိသော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှု၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာ ကူးပြောင်းရေးအတွက် ဒက္ခိဏသီရိမြို့နယ်မှ တောင်သူလယ်သမားများအား လယ်ယာသုံးစက်ကိရိယာများ မောင်းနှင်ကိုင်တွယ် ထိန်းသိမ်းမှုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေမှုနှင့် လယ်ယာသုံးစက်ကိရိယာများကို အရစ်ကျ ငွေပေးချေစနစ်ဖြင့် ရောင်းချရေး စီစဉ်ဆောင်ရွက်မှု၊ အထွက်နှုန်းကောင်းသော အထူးအထွက်တိုးစပါးများ ဖြန့်ဝေပေးနေမှုနှင့် ပြန်လည်ဝယ်ယူမည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် တစ်ဧကလျှင် တင်း ၁၀၀ ကျော် ထွက်ရှိနိုင်သည့် ပင်ပွားများ စုံလင်စွာ ထွက်ရှိပြီး အနှံများ စတင်ထွက်ရှိနေသည့် နွေစပါးစိုက်ခင်း၊ တစ်ဧက တင်း ၅၀-၆၀ ထွက်ရှိနိုင်မည့် အထူးအထွက်တိုး နေကြာစိုက်ခင်းနှင့် တစ်ဧက တန် ၆၀ ထွက်ရှိမည့် အထူးအထွက်တိုး ကြံစိုက်ခင်းများ၏ အောင်မြင်ဖြစ်ထွန်းနေမှုတို့ကို လည်းကောင်း၊ ဆီထွက်နေကြာ ရေဆင်းစပ်မျိုး-၁ စိုက်ခင်း ၅ ဧကနှင့် တစ်ဧက တန် ၆၀ ကျော် ထွက်ရှိနိုင်မည့် ကြံစိုက်ခင်းတို့ကို လည်းကောင်း စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြရာ တာဝန်ခံများက ရှင်းလင်းပြသကြသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ လှိုင်မြို့နယ် အထက(၂)လှိုင်၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် မိဘဆရာအသင်းဖွဲ့စည်းခြင်းနှင့် မိဘများနှင့် တွေ့ဆုံခြင်းအခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဦးကြည် အဖွင့်အမှာစကားပြောကြားစဉ်။

(ကြေးမုံ)

နိုင်ငံတကာမော်တော်ယာဉ်နှင့် မော်တော်ယာဉ် ပစ္စည်းပြပွဲ -၂၀၁၁ ကျင်းပမည်

နေပြည်တော် ဇူလိုင် ၁၀

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲကျင်းပရေးဗဟိုဌာန၌ စက်တင်ဘာ ၈ ရက်မှ ၁၀ ရက်အထိ နိုင်ငံတကာ မော်တော်ယာဉ်နှင့် မော်တော်ယာဉ် ပစ္စည်းပြပွဲ -၂၀၁၁ (China Int'l Auto Parts Expo) ကို ကျင်းပမည်ဖြစ်သည်။

ပြပွဲသို့ ကုမ္ပဏီ ၂၀ ကျော်နှင့်အထက် တက်ရောက်နိုင်မည်ဆိုပါက ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်အတွက် အသွားအပြန် လေယာဉ်ခအပါအဝင် စရိတ်စကအားလုံးကို ပြပွဲကျင်းပရေးကော်မတီမှ ကျခံပေးမည်ဖြစ်ကြောင်းသိရှိရသည်။

ပူးပေါင်းဆောင်ရွက်

ပြပွဲသို့ သွားရောက်ပြသမည့် မြန်မာလုပ်ငန်းရှင်များအနေဖြင့် မိမိတို့နိုင်ငံထုတ် စက်မှုထုတ်ကုန် ပစ္စည်းများ၏ အရည်အသွေးနှင့် ဆန်းသစ်မှုတို့အား ပြသခွင့်ရမည်ဖြစ်သည်။ ထို့အပြင် တရုတ်နိုင်ငံ၏ မော်တော်ယာဉ်ထုတ်လုပ်မှုနှင့် အပိုပစ္စည်းထုတ်လုပ်မှု လုပ်ငန်းများကိုပါ သိရှိနိုင်မည်ဖြစ်သည်။ ယခုအခါ မြန်မာနိုင်ငံ၌လည်း စက်မှုဇုန်များမှ မော်တော်ယာဉ်များကို ထုတ်လုပ်လျက်ရှိရာ လိုအပ်သော နည်းပညာများ၊ ကုန်ကြမ်းပစ္စည်းများအပြင် တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှုအခွင့်အလမ်းများလည်း ရရှိနိုင်မည်ဖြစ်သည်။

ဆက်သွယ်နိုင်

သို့ဖြစ်၍ ပြပွဲသို့ သွားရောက်ပြသလိုပါက ပြသလိုသည့် ကုမ္ပဏီအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုမြှင့်တင်ရေးဌာနခွဲ ဖုန်း-၀၆၇-၄၀၈၃၁၀ သို့ ဆက်သွယ်နိုင်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံရေကြောင်း အင်ဂျင်နီယာအသင်း စုပေါင်းလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၀

မြန်မာနိုင်ငံ ရေကြောင်းအင်ဂျင်နီယာအသင်း၏ ဒသမအကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၁၅ ရက် နံနက် ၉ နာရီတွင် အသင်းရုံးခန်းမ၌ ကျင်းပမည်ဖြစ်ရာ လှူဖွယ်ဝတ္ထုအစုစု ပေးပို့လှူဒါန်းနိုင်သည်။

(ကြေးမုံ)

ကျောင်းများနှင့် ကောလိပ်များအားလုံး သစ်ပင်၊ ပန်းပင်များ စိုက်ပျိုး စိုက်ပျိုးပြီးအပင်များ ရှင်သန်ကြီးထွားရေး မြေဩဇာ ပေါင်းသင်

နေပြည်တော် ဇူလိုင် ၁၀

၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် နေပြည်တော် ဥတ္တရသီရိမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ တက်ရောက်၍ အထိမ်းအမှတ်သစ်ပင် စိုက်ပျိုးပေးပြီး **(အောက်ပုံ)** ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၏ သစ်ပင်စိုက်ပျိုးနေမှု၊ မြေဆွပေါင်းသင် ပြုလုပ်နေမှုများ ကို ကြည့်ရှုအားပေးသည်။

ထို့နောက်ဆင့် ဒုတိယဝန်ကြီးသည် နေပြည်တော် ပုဗ္ဗသီရိမြို့ အမှတ်(၁၃) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း၊ နေပြည်တော် ပျဉ်းမနားမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းနှင့် နေပြည်တော် ဇမ္ဗူသီရိမြို့ အမှတ်(၁၄)အခြေခံပညာ အထက်တန်းကျောင်းများသို့ သွားရောက်ကာ အထိမ်းအမှတ်သစ်ပင်များ စိုက်ပျိုးပေးပြီး ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ အခမ်းအနား လှုပ်ရှားဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။

ပညာရေးပြက္ခဒိန်အရ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့အဖြစ် ဇူလိုင် ၁၀ ရက်ကို သတ်မှတ်ထားရာ ယနေ့နံနက်ပိုင်းတွင် နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများနှင့် ပညာရေးကောလိပ်များအားလုံး၌ သစ်ပင်ပန်းပင်များစိုက်ပျိုးခြင်း၊ စိုက်ပျိုးပြီးအပင်များ ရှင်သန်ကြီးထွားရေးအတွက် မြေဆွပေါင်းသင်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၁-၇-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၄	၁။	နိုင်ငံတော်သီချင်း
၇း၀၅	၂။	တရားတော်
၇း၂၀	၃။	ဓမ္မပူဇာတေး
၇း၂၅	၄။	မျိုးချစ်တပ်မတော်
၇း၃၀	၅။	မြန်မာ့ရှုခင်း
၇း၃၅	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၃း၂၂	၁။	နိုင်ငံတော်သီချင်း
၃း၃၀	၂။	2011 FIFA WOMEN'S WORLD CUP (GERMANY) -Brazil Vs United States (Delay)
၅း၃၀	၃။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင် (အပိုင်း-၁၇)**
၆း၀၀	၄။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၅။	အမျိုးသားရေးတေးကဗျာ
၆း၂၀	၆။	သံစဉ်လမ်းက လင်းလက်ကြယ်
၇း၀၀	၇။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်းကြယ်တစ်စင်း (အပိုင်း-၂၈)**
၈း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၉။	အမျိုးသားရေးတေးကဗျာ
	၁၀။	ဒို့တာဝန်အရေး(၃)ပါး
	၁၁။	နိုင်ငံတကာသတင်း
	၁၂။	မိုးလေဝသသတင်း
	၁၃။	Talk Of The Town
	၁၄။	မေးမြန်းစူးစမ်း
	၁၅။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
	၁၆။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၁၇။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အချစ်တို့တည်ရာ (အပိုင်း-၃၃)**
	၁၈။	Mini Series

မြို့သာယာလှပရေး အိမ်မဲမြို့၌ ဆောင်ရွက်

အိမ်မဲ ဇူလိုင် ၁၀

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့် အိမ်မဲမြို့အဝင် သာယာလှပရေးအတွက် မြို့အဝင် တြိဂံကျွန်းပတ်လည် ပလက်ဖောင်းနှင့် ရေမြောင်းများ ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးကျော်စိုး (လက်ထောက်ညွှန်ကြားရေးမှူး) နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမိုးမြင့်တို့ ကြီးကြပ်ဆောင်ရွက်ခဲ့သည်။

(မြို့နယ်စည်ပင်)

ရွှေကျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရွှေတောင်ဦးလမ်း ဘေးဝဲ၊ ယာ ရေမြောင်းတူးဖော်နေမှုကို အမှုဆောင်အရာရှိ ဦးဝင်းလှိုင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးမြင့်ဇော်ဝင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ပညာရေးဝန်ကြီးဌာန ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့အဖြစ် ဒဂုံမြို့နယ် အထက(၂) မြို့မကျောင်း၌ ဇူလိုင် ၁၀ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်း အကျိုးတော်ဆောင်များ စုပေါင်း သစ်ပင်စိုက်ပျိုးကြစဉ်။

(ကြေးမုံ)

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်နှင့် လမ်းမတော်မြို့နယ် အခြေခံပညာကျောင်းများ၌ ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ အခမ်းအနားများကျင်းပ

ရန်ကုန် ဇူလိုင် ၁၀

ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့ နံနက် ၇ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ တက်ရောက်အားပေးသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာသက်သက်စံက ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာနဝန်ကြီးနှင့် တာဝန်ရှိသူတို့က ဆရာ၊ ဆရာမများထံ ပျိုးပင်များ ပေးအပ်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကံ့ကော်ပင်ကို စိုက်ပျိုးပေးကာ ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး အထိမ်းအမှတ် နံရံကပ်စာစောင်များကို လည်းကောင်း၊ ကျောင်းသား၊ ကျောင်းသူများ၏သစ်ပင်စိုက်ပျိုးနေမှုတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးသည်။ အလုံမြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့စိုက်ပျိုးသော အပင်များမှာ အရိပ်ရပင်၊ နှစ်ရှည်ပင်၊ လေကာပင်၊ ပရဆေးပင်နှင့် ပန်းအလှပင် စုစုပေါင်း ၁၁၃၂ ပင်ဖြစ်ကြောင်းသိရသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်ရာ ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးအောင်ကိုကိုက ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီးနှင့် တာဝန်ရှိသူတို့က ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများထံ ပျိုးပင်များ ပေးအပ်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကံ့ကော်ပင်ကို စိုက်ပျိုးပေးပြီး ကျောင်းသား၊ ကျောင်းသူများ၏ သစ်ပင်စိုက်ပျိုးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။ လမ်းမတော်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့စိုက်ပျိုးသော အပင်များမှာ ကျွန်း၊ ခရေ၊ ကံ့ကော်၊ စိန်ပန်း၊ မလေးရှားပိတောက်၊ ပျဉ်းမ၊ သရက်၊ မာလကာ၊ ဒန့်သလွန်၊ သီဟိုဠ်၊ ပန်းအလှပင်နှင့် ပရဆေးပင် စုစုပေါင်း အပင် ၂၇၀ ဖြစ်သည်။

(သတင်းစဉ်)

ပျိုးပင် ပေးအပ်

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ လမ်းမတော်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနား၌ ဆရာမတစ်ဦးအား ပျိုးပင်ပေးအပ်စဉ်။

(သတင်းစဉ်)

နိုင်ငံတကာသတင်းများ

အလန်မက်မီနီမိုင်ကို ၎င်း၏ ရင်သွေးငယ်နှင့်အတူ တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဗြိတိန်အကျဉ်းသားကို လွှဲပြောင်းပေးရန် အီရတ်စစ်သွေးကြွအုပ်စု ငြင်းဆို

ဘဂ္ဂဒက် ဇူလိုင် ၁၀

အီရတ်နိုင်ငံ၌ လွန်ခဲ့သည့်လေးနှစ်က ပြန်ပေးဆွဲထားသော ဗြိတိန်နိုင်ငံသား သက်တော်စောင့်တစ်ဦးကို လွှဲပြောင်းပေးမည်မဟုတ်ကြောင်း ရှီးယိုက်စစ်သွေးကြွအုပ်စုတစ်စု၏ စနေနေ့ထုတ်ပြန်သော ကြေညာချက်၌ ဖော်ပြထားသည်။

ကြေညာချက်ထုတ်

အီရတ်နိုင်ငံကို သိမ်းပိုက်ထားသည့် အမေရိကန်တို့က ၎င်းတို့၏အကျဉ်းထောင်များတွင် ချုပ်နှောင်ထားသည့် မူဂျာဟစ်ဒင်များကို ပြန်လည်လွှဲပြောင်းပေးရန် အချိန်ဆွဲထားလျက်ရှိသဖြင့် ၎င်းတို့ကလည်း ဗြိတိသျှအကျဉ်းသား အလန်မက်မိနီမိုင်ကို ပြန်လွှတ်ပေးမည်မဟုတ်ဟု အာဆစ်အဟီးလ်အဲလ်ဟတ်အမည်ရှိ ရှီးယိုက်အုပ်စုက ကြေညာချက်ထုတ်ပြန်ခဲ့သည်။

၎င်းတို့၏တောင်းဆိုချက်ရရှိသည်အထိ ဗြိတိန်နိုင်ငံသားကို ဖမ်းထားမည်ဟု ကြေညာချက်တွင် ဖော်ပြသည်။ ယင်းကြေညာချက်ကို အဖွဲ့၏ ဒုတိယခေါင်းဆောင် ရှိတ်အက်ရမ်အဲလ်ကာမီက လက်မှတ်ရေးထိုး ထုတ်ပြန်ခြင်းဖြစ်သည်။ ရှီးယိုက်အုပ်စုကို အီရန်နိုင်ငံက ထောက်ခံအားပေးနေကြောင်း အမေရိကန်က စွပ်စွဲထားသည်။

အသက်ရှင်လျက်ရှိ

အာရေဗစ်ဘာသာဖြင့် ရေးသားထားသည့် ကြေညာချက်တွင် မက်မိနီမိုင်သည် အသက်ရှင်လျက်ရှိနေသည်ဟု ဆိုသည်။ သို့သော် ဗြိတိသျှအစိုးရကမူ ၎င်းကို ပြန်ပေးသမားများက အချိန်အတန်ကြာကပင် သတ်ပစ်ခဲ့ကြသည်ဟု ယုံကြည်သည်။

၎င်းသည် ဗြိတိသျှလူမျိုး ကွန်ပျူတာကျွမ်းကျင်ပညာရှင် ပီတာမိုး၏ သက်တော်စောင့် လေးဦးအနက်မှ တစ်ဦးဖြစ်သည်။ ရှီးယိုက်စစ်သွေးကြွအုပ်စု၏ လက်နက်ကိုင် အင်အား ၄၀ ခန့်က ဘဂ္ဂဒက်မြို့ရှိ ဘဏ္ဍာရေးဝန်ကြီးဌာနကို ဝင်ရောက်တိုက်ခိုက်ကာ ၎င်းတို့ ငါးဦးအား ပြန်ပေးဆွဲသွားခြင်းဖြစ်သည်။

၂၀၀၉ ခုနှစ် ဒီဇင်ဘာလတွင် ပီတာမိုးကို ပြန်လွှတ်ပေးပြီး သက်တော်စောင့်သုံးဦး၏အလောင်းကို ဗြိတိသျှတာဝန်ရှိ ပုဂ္ဂိုလ်များထံ လွှဲပြောင်းပေးအပ်ခဲ့သည်။ **အေအက်ဖ်ပီ။**

သမုဒ္ဒရာအတွင်းမှ စွန့်ပစ်ပလတ်စတစ်ပစ္စည်းများ ဝေလငါးများအသက်ကို အန္တရာယ်ပြုနိုင်

လန်ဒန် ဇူလိုင် ၁၀

ကမ္ဘာ့သမုဒ္ဒရာများအတွင်း နှစ်စဉ်နှစ်တိုင်း စွန့်ပစ်ခဲ့ကြသော ပလတ်စတစ်အမှိုက်တန်ချိန် သန်းပေါင်းများစွာသည် ဝေလငါးများ၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်နေကြကြောင်း ယခုရက်သတ္တပတ်အတွင်း ထုတ်ပြန်ခဲ့သည့် သိပ္ပံပညာရပ်ဆိုင်ရာ သုတေသနစာတမ်းတစ်စောင်တွင် ဖော်ပြထားသည်။

ဆယ်စုနှစ်နှစ်ခုအကြာမျှ ပြုစုခဲ့သော သုတေသနသုံးသပ်ချက်အရ ဝေလငါး၊ လင်းပိုင်နှင့် ပင်လယ်လိပ် ရာပေါင်းများစွာတို့သည် စွန့်ပစ်ပလတ်စတစ်ပစ္စည်းများကြောင့် နာမကျန်းဖြစ်ရခြင်းနှင့် သေဆုံးခဲ့ရခြင်းများ ရှိခဲ့ကြောင်း သိရသည်။

ခြိမ်းခြောက်မှုဖြစ်

ပလတ်စတစ်အိတ်များနှင့် ငါးဖမ်းပစ္စည်းများသည် ပင်လယ်ငှက်များ၊ လိပ်များနှင့် အခြားသော အရွယ်အစားသေးငယ်သည့် ရေနေသတ္တဝါများအတွက်သာ ခြိမ်းခြောက်မှုဖြစ်ကြောင်း ကာလကြာရှည်စွာ မှတ်ယူထားခဲ့ကြဖူးသည်။

သို့ရာတွင် အစာချေရန် ခက်ခဲသော ပလတ်စတစ် စွန့်ပစ်ပစ္စည်းများကို ဝါးမျိုမိသည့် ရေနေသတ္တဝါကြီးများသည်လည်း အသက်အန္တရာယ်ရှိလာကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။

တွေ့ရှိခဲ့

၂၀၀၈ ခုနှစ်အတွင်းက အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားကမ်းခြေတွင် သောင်တင်ခဲ့ရသော ဝေလငါးနှစ်ကောင်အနက် တစ်ကောင်ကို စစ်ဆေးကြည့်ရာ ယင်း၏ အစာအိမ်အတွင်း ငါးဖမ်းပိုက်အပိုင်းအစများနှင့် အခြားသော လူလုပ်ပလတ်စတစ်ပစ္စည်း ၂၀ ကီလို(ပေါင် ၄၅၀) မျှကို တွေ့ရှိခဲ့ရသည်။

၂၀၀၂ ခုနှစ်အတွင်းက ပြင်သစ်နိုင်ငံ နော်မန်ဒီကမ်းခြေ၌ သောင်တင်သေဆုံးခဲ့သော ဝေလငါးတစ်ကောင်၏ အစာအိမ်အတွင်း ဗြိတိန် ကုန်တိုက်ကြီးနှစ်ခုက သုံးစွဲသော ပလတ်စတစ်အိတ်များအပါအဝင် စွန့်ပစ်ပလတ်စတစ် ပစ္စည်းတစ်တန်ခန့်ကို တွေ့ရှိခဲ့ရသည်။

အင်တာနက်။

ပြင်သစ်နိုင်ငံ အနောက်မြောက် ကမ်းရိုးတန်းဒေသ ရေပြင်အတွင်း သေဆုံးခဲ့သော ရှားပါးမျိုးစိတ်ဝင် ဝေလငါး တစ်ကောင်ကို ကျွမ်းကျင်သူများ လေ့လာ စစ်ဆေးစဉ်။

အာတိတ်ဒေသနယ်နိမိတ်မျဉ်း တိုးချဲ့နိုင်ရေး ကုလသမဂ္ဂထံသို့ ရုရှားတင်ပြလျှောက်ထားမည်

မော်စကို ဇူလိုင် ၁၀

ရုရှားနိုင်ငံသည် ၎င်း၏အာတိတ်ဒေသ နယ်နိမိတ်မျဉ်းကို တိုးချဲ့နိုင်ရန် ကုလသမဂ္ဂသို့ တင်ပြလျှောက်ထားသွားမည်ဖြစ်ကြောင်း အထက်တန်းတာဝန်ရှိသူတစ်ဦး၏ အဆိုကို ကိုးကားလျက် အီတာတာ့စ်သတင်းဌာနက ဇူလိုင် ၈ ရက်တွင် သတင်းထုတ်ပြန်သည်။

တင်ပြလျှောက်ထား

အာတိတ်ဒေသရှိ မိမိတို့၏ ပိုင်နက်နယ်မြေကို တိုးချဲ့နိုင်ရေးအတွက် သိပ္ပံဆိုင်ရာ အထောက်အထားများဖြင့် လာမည့်နှစ်တွင် ကုလသမဂ္ဂ၌ တင်ပြလျှောက်ထားသွားနိုင်မည်ဟု မျှော်လင့်ကြောင်း ရုရှားဒုတိယဝန်ကြီးချုပ် ဆာဂေးအီဗန်နော့ဗ်က အာတိတ်စက်ဝိုင်းဒေသရှိ နာရန်မာမြို့သို့သွားရောက်စဉ် ပြောကြားခဲ့သည်။

ခရီးစဉ်စတင်

အာတိတ်ဒေသ၌ မိမိတို့၏ပိုင်နက်အဖြစ် သတ်မှတ်သင့်သောနေရာဒေသကို အတည်ပြုနိုင်ရန် ရုရှားသိပ္ပံ ပညာရှင်များက စူးစမ်းလေ့လာမည့်ခရီးစဉ်ကို စတင်လိုက်ပြီဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဂျပန်နိုင်ငံတွင် အင်အားပြင်း ငလျင်လှုပ် ဆူနာမီ အသေးစားဖြစ်ပေါ်

တိုကျို ဇူလိုင် ၁၀

ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်းတွင် လွန်ခဲ့သည့် လေးလခန့်က ငလျင်အကြီးအကျယ်လှုပ်ခဲ့သည့်နယ်မြေမှာပင် တနင်္ဂနွေနေ့၌ အင်အားပြင်းထန်သော ငလျင်တစ်ခုလှုပ်ခဲ့ကြောင်း အင်တာနက်သတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်။

အဆိုပါငလျင်ကြောင့် အိုင်ဝါတီစီရင်စုတွင် လှိုင်းအမြင့် ၁၀စင်တီမီတာ(လေးလက်မ)ရှိ ဆူနာမီအသေးစား ဖြစ်ပေါ်ခဲ့သည်ဟု ဖော်ပြသည်။

ဆူနာမီသတိပေးချက် ထုတ်ပြန်ပြီးသည့်နောက် ဖူကူရှီးမား နျူကလီးယားဓာတ်အားပေးစက်ရုံမှ အလုပ်သမားများကို ကြိုတင်နေရာရွှေ့ပြောင်းပေးခဲ့သည်။ ယင်းဒေသ၌ နေထိုင်သူများကို မြင့်သောနေရာများသို့ ရွှေ့ပြောင်းကြရန် သတိပေးခဲ့သည်။

ငလျင်သည် ဒေသစံတော်ချိန် နံနက် ၉ နာရီ ၅၇ မိနစ်၌ လှုပ်ခတ်ခဲ့သည်။ ဗဟိုချက်မသည် မြေအောက် ၁၀ကီလိုမီတာ (၆ဒသမ ၂မိုင်)အနက်၌ရှိသည်ဟု အမေရိကန်ဘူမိဗေဒလေ့လာရေးဌာနက ခန့်မှန်းသည်။

ကနဦးတွင် ဂျပန်မိုးလေဝသဌာနက အိုင်ဝါတီ၊ မိယာဂီ၊ ဖူကူရှီးမားစီရင်စုတို့၌ စင်တီမီတာ ၅၀(၂၀လက်မ)ရှိ ဆူနာမီဖြစ်ပေါ်မည်ဟု သတိပေးခဲ့သည်။

ဖူကူရှီးမား နျူကလီးယားဓာတ်အားပေးစက်ရုံကို ကိုင်တွယ်သည့် တိုကျိုလျှပ်စစ်ဓာတ်အားကုမ္ပဏီက ယင်းစက်ရုံတွင် ငလျင်ဒဏ်ကြောင့် ပြဿနာအသစ်များ ဖြစ်ပေါ်ခြင်းမရှိကြောင်း သတင်းထုတ်ပြန်သည်။ **အင်တာနက်။**

ရုရှားနိုင်ငံသည် ၂၀၀၇ ခုနှစ်က မြောက်ဝင်ရိုးစွန်းရှိ ပင်လယ်သမုဒ္ဒရာကြမ်းပြင်ပေါ်တွင် နိုင်ငံတော်အလံကို စိုက်ထူခဲ့သည်။ ယင်းမှာ မြောက်ဝင်ရိုးစွန်းဒေသကို ရုရှားနိုင်ငံက ပိုင်ဆိုင်သည့်အထိမ်းအမှတ်အဖြစ် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ပြီး အာတိတ်ဒေသ အိမ်နီးချင်းနိုင်ငံများဖြစ်သော ကနေဒါနှင့် နော်ဝေနိုင်ငံတို့ကို အံ့အားသင့်စေခဲ့သည်။

အာတိတ်ပင်လယ်ကြမ်းပြင်အောက်တွင် ရေနံစည်ပေါင်း ဘီလီယံ ၉၀ အထိ ထုတ်ယူနိုင်မည့် ရေနံသိုက်ရှိမည်ဟု ခန့်မှန်းရသည်။ **အင်တာနက်။**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း နေပြည်တော် ခရီးသွားပြပွဲနှင့် အစားအစာပြပွဲ တိုးတက်မှုအခြေအနေများနှင့် စပ်လျဉ်းသည့်လုပ်ငန်းများ ပြန်လည်သုံးသပ်ခြင်း အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ခရီးသွားပြပွဲနှင့် အစားအစာပြပွဲ ပြန်လည်သုံးသပ်ခြင်း အစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၁၀

၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲ ကျင်းပရာတွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက Tourism promotion အတွက် ကျင်းပခဲ့သည့် နေပြည်တော်ခရီးသွားပြပွဲနှင့် အစားအစာပြပွဲ တိုးတက်မှုအခြေအနေများနှင့် စပ်လျဉ်းသည့်လုပ်ငန်းများ ပြန်လည်သုံးသပ်ခြင်း အစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန နီလာ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဘုတ်အဖွဲ့ (MTB) ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ပြပွဲကျင်းပခြင်းနှင့် ပတ်သက်၍ တွေ့ကြုံရမှုများကို ဆွေးနွေးတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ပြပွဲ၏ အားနည်းချက်၊ အားသာချက်များ၊ နောင်တွင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အချက်များကို လည်းကောင်း၊ ဟိုတယ်ဇုန်များ အလိုက် ပြခန်းတာဝန်ခံများနှင့် အသင်းအလိုက် ပြပွဲတာဝန်ခံများက မိမိတို့ ခင်းကျင်းပြသထားရှိသည့် ပြကွင်းပြကွက်နှင့် အစီအမံများ၊ အပြင်အဆင်များ၊ ဧည့်သည်များ၏ စိတ်ဝင်တစား ကြည့်ရှုလေ့လာအားပေးမှု အခြေအနေများနှင့် ရှေ့ဆက်၍ အလားတူပြပွဲများတွင် အကောင်အထည်ဖော် ရှေးရှုဆောင်ရွက်သွားမည့် ကိစ္စရပ်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးတို့က ပြပွဲနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဆွေးနွေးတင်ပြကြပြီး ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်က ရှင်းလင်းတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ အားနည်းချက်များအပေါ် ဖြည့်စွက်ဆောင်ရွက်သင့်သည်များကို ဖြည့်ဆည်းဆောင်ရွက်ကြရန်နှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဘုတ်အဖွဲ့၏ ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ပုဂံတွင် Tourism promotion အတွက် ဆက်လက်ပြုလုပ်ရန် ရည်မှန်းထားသော ခရီးသွားလုပ်ငန်းပြပွဲနှင့် အစားအစာပြပွဲအတွက် လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေး မှာကြားခဲ့သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၁-၇-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေး တင့်အောင်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၁၀ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈း၂၀ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈း၃၀ ၉။ "ဒေသထွက်ကုန်အဖုံဖုံ မန္တလေးကမုန့်မျိုးစုံ
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အကပဒေသာ
- ၄း၂၀ ၃။ အတီးပြိုင်ပွဲ
- ၄း၂၅ ၄။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၄း၃၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ်(မြန်မာစာအထူးပြု) (မြန်မာစာ)
- ၄း၅၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၀၀ ၇။ တေးဂီတအစီအစဉ်
- ၅း၁၅ ၈။ မြန်မာစာ၊ မြန်မာစကား
- ၅း၃၀ ၉။ မျက်ရည်စက်များကင်းစေချင်
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၂။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၇း၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာနှလုံးသား (အပိုင်း-၇)**
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ ကမ္ဘာကျော်သရုပ်ဆောင်များ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နားခိုရာ" (အပိုင်း-၁၃)**
- ၁၉။ အစီအစဉ်ပြီး၏။

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် မြင်းမူမြို့နယ် ငွေးပင်တောကျေးရွာ ကျေးလက်ကျန်းမာရေးအဆောက်အအုံသစ်ဖွင့်ပွဲ တက်ရောက်

နေပြည်တော် ဇူလိုင် ၁၀

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးသည် ဇူလိုင် ၈ ရက် နံနက်ပိုင်းတွင်ကျင်းပသည့် မြင်းမူမြို့နယ် ငွေးပင်တောကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရာ ရှေးဦးစွာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်ဝေနှင့် အလှူရှင် ဆရာတော် ဘဒ္ဒန္တသောဘနကိုယ်စား တပည့်ဆရာတော် ဦးနာဂဗလတို့က ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ကို ကျန်းမာရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ယင်းနောက် အလှူရှင်တစ်ဦးဖြစ်သူ ဦးလှထွန်းက အဆောက်အအုံသစ်ဆောက်လုပ်မှုမှတ်တမ်းများကို ကျန်းမာရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်သည်။

ထိုမှတစ်ဆင့် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ချောင်းဦးမြို့ အစိုးရနည်းပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်ကြားနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး၌ သစ်ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြသည့် ကုမ္ပဏီလုပ်ငန်းရှင်များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာကြသည့် ကုမ္ပဏီများနှင့် လုပ်ငန်းရှင်များ၏ အထွေထွေ ဆွေးနွေးတင်ပြမှုများအပေါ် ပြန်လည်ဆွေးနွေးမှာကြားခဲ့သည်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး ချောင်းဦးမြို့ အစိုးရနည်းပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဟိုတယ် စီမံခန့်ခွဲမှု ဒီပလိုမာသင်တန်း ဆွေးနွေးမည်

ရန်ကုန် ဇူလိုင် ၁၀

Star Resources Hospitality & Tourism Management Academy မှ ကြီးမှူးကျင်းပသော အင်္ဂလန်မှ ပေးအပ်သည့် ဟိုတယ်စီမံခန့်ခွဲမှု ဒီပလိုမာသင်တန်း ဖွင့်လှစ်မည့်အကြောင်း ဆွေးနွေးပွဲကို ဇွန် ၂၆ ရက် နံနက်က ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ အခမ်းအနားတွင် လန်ဒန်ဟိုတယ်ကောလိပ် ကျောင်းအုပ်ကြီးက ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များ၊ ပေးအပ်သည့် ဒီပလိုမာသင်တန်းနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

နိုင်ငံတကာအသိအမှတ်ပြု ဒီပလိုမာဘွဲ့ကို ရယူလိုကြသော လူငယ်များအတွက် ရည်ရွယ်၍ Star Resources Hospitality & Tourism Management Academy တွင် ပထမပိုင်း ခြောက်လ သင်ယူအောင်မြင်ပြီးပါက ဒုတိယပိုင်း ခြောက်လနှင့် အချိန်ပြည့် အလုပ်သင် လေးလကို အင်္ဂလန်ရှိ ဟိုတယ်ကြီးများတွင် ဝင်ရောက်လုပ်ကိုင်ရမည် ဖြစ်သည်။

ထိုသို့ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းမှာ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းတွင် နိုင်ငံတကာခရီးသွားများ၊ စီးပွားရေးသမားများနှင့် ရင်းနှီးမြှုပ်နှံသူများအတွက် လုပ်ငန်းအတွေ့အကြုံ ရရှိနိုင်ခြင်း၊ နိုင်ငံတကာကျောင်းသားတို့၏ ရပိုင်ခွင့်အရပ်ရပ်ကို ခံစားခွင့်ရရှိနိုင်ခြင်းတို့ကြောင့်ဖြစ်ရာ ရန်ကုန်မြို့ရှိ Star Resources Hospitality & Tourism Management Academy တိုက် (၂၆၇) အခန်း (၃၀၂) ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ဖုန်း-၀၁-၅၂၃၆၂၃၊ ၅၂၃၂၀၀၊ ၄၄၁၂၂၅၆နှင့် ၀၉-၅၀၂၀၃၀၂ တို့သို့ စာရင်းပေးသွင်းပြီး ပညာရေးဆွေးနွေးပွဲသို့ အခမဲ့တက်ရောက်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဇွန် ၁၈ ရက်က ဝါးခယ်မမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဦးဝင်းမြင့်ဟန် (ဒု-ဦးစီးမှူး၊ ဈေး)၊ ဒေါ်သန်းသန်းဆင့် (ဒု-ဦးစီးမှူး၊ အခွန်)၊ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော အဖွဲ့သည် စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုအောက်တွင်ရှိသော မြို့မ ဝက်သားသတ်ရုံသို့ သွားရောက်ပြီး အသားထုတ်လုပ်မည့် ဝက်များအား ဝက်နားရွက်ပြာရောဂါနှင့် ကျန်းမာရေး ကောင်းမွန်ပြီး ရောဂါကင်းစင်ခြင်း ရှိ၊ မရှိ သွားရောက်စစ်ဆေးစဉ်။ (ကြေးမုံ)

မအူပင်မြို့ မိဘဂုဏ်ရည် သွေးလှူရှင်များအဖွဲ့ အကြိမ်(၅၀၀)မြောက် သွေးလှူဒါန်း

ရန်ကုန် ဇူလိုင် ၁၀

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီးတွင် တက်ရောက်ဆေးဝါးကုသမှုခံယူလျက်ရှိသော လူနာများအတွက် မအူပင်မြို့ မိဘဂုဏ်ရည် သွေးလှူရှင်များအဖွဲ့မှ သွေးလှူရှင် ၁၂၀ တို့သည် ဇူလိုင် ၃ ရက်က အဆိုပါဆေးရုံ သွေးလှူဘဏ်သို့ လာရောက်သွေးလှူဒါန်းကြပြီး သွေးအလှူရှင်ဂုဏ်ပြုပွဲတွင် မြောက်ဥက္ကလာပမြို့နယ် သွေးလှူရှင်အသင်းနာယက ဦးမြင့် (ကျိုက်လတ်မိုးမြင့်)နှင့် မအူပင် သွေးလှူရှင်အသင်း ဒုတိယဥက္ကဋ္ဌတို့က သွေးလှူဒါန်းခြင်းအကြောင်းကို ရှင်းလင်းပြောကြားကာ ဆေးရုံကြီးမှ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် သွေးလှူရှင်များအား မတည်အလှူရှင် (ဦးညွန့်ဝေ)-ဒေါ်မြကြည်မိသားစုက ဂုဏ်ပြုလက်ဆောင်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး ဆေးရုံကြီးနှင့် သွေးလှူရှင်အသင်းအတွက် လှူဒါန်းငွေများကို တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

မြေယာရှုခင်းပြုပြင်

ဖျာပုံ ဇူလိုင် ၁၀

ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးဖုန်းလွင် မေ ၁၁ ရက်က ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြေယာရှုခင်းအလှ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။ (၃၈၃)

ဥတုရာသီ တောကိုမှီ၏

ပြည်တွင်းအခွန် ကွန်ပျူတာနှင့် ရုံးလုပ်ငန်းသင်တန်းဆင်း

ရန်ကုန် ဇူလိုင် ၁၀

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာနှင့် ရုံးလုပ်ငန်း အခြေခံသင်တန်း အမှတ်စဉ်(၂၄) သင်တန်းဆင်းပွဲကို ဇူလိုင် ၈ ရက် နံနက် ၉ နာရီတွင် ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲ၌ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ဝင်ငွေခွန်ဌာနခွဲ ညွှန်ကြားရေးမှူး ဦးစန်းလွင် တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားပြီး သင်တန်းတွင် ပထမဆုရရှိသော ပြည်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ အငယ်တန်းစာရေး ဒေါ်စုစုမွန်၊ ဒုတိယဆုရရှိသော လှိုင်းဘွဲ့မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ အကြီးတန်းစာရေး ဦးထွန်းဇော်နှင့် တတိယဆုရရှိသော ကုမ္ပဏီများဆိုင်ရာ အခွန်ရုံးမှ အကြီးတန်းစာရေး ဒေါ်ဖြူဖြူမြင့်တို့ကို ဆုများ ချီးမြှင့်ပြီး သင်တန်းသားများကိုယ်စား သင်တန်းသားခေါင်းဆောင်ကို သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ခဲ့သည်။ (ပြည်တွင်းအခွန်)

ရေမြင့်မှ ကြာတင့်

လင်းလက်

မြန်မာနိုင်ငံမှာ လက်ရှိလူဦးရေ သန်း ၆၀ ခန့်ရှိတဲ့အနက် ၇၀ ရာခိုင်နှုန်းခန့်ဟာ ကျေးလက်ဒေသမှာနေထိုင်ကြပြီး အများစုဟာ ဆင်းရဲသူများ ဖြစ်ကြပါတယ်။ ၎င်းတို့ဟာ လယ်ယာသားငါး ကုန်ထုတ်လုပ်မှုလုပ်ငန်းများမှာ အများဆုံး ဆောင်ရွက်နေကြတဲ့ တိုင်းပြည်ရဲ့ အဓိက ကုန်ထုတ်လုပ်မှု စွမ်းအားစုကြီး ဖြစ်ကြပါတယ်။ ယင်း ကျေးလက်နေ ပြည်သူများအနေနဲ့ ဆင်းရဲရခြင်းမှာ အလုပ်မလုပ်ချင်လို့မဟုတ်ဘဲ အများစုမှာ အလုပ်ကိုကြိုးစား လုပ်ကိုင်လိုကြပါတယ်။ ဒါပေမယ့် ၎င်းတို့ရဲ့ အဓိကလိုအပ်ချက်ဟာ ငွေကြေး အရင်းအနှီးပဲ ဖြစ်ပါတယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(တပ်မတော်အစိုးရ) လက်ထက်မှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး (၅)ရပ်ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့လို့ ဖွံ့ဖြိုးတိုးတက်မှုများ အထိုက်အလျောက်ရှိခဲ့သော်လည်း ကျေးလက်ဒေသတွေမှာ ဆင်းရဲနွမ်းပါးမှုတွေ ရှိနေသေးတာ တွေ့ရှိရမှာ ဖြစ်ပါတယ်။ မကြာမီက ကမ္ဘာ့ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)နဲ့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့တဲ့ အိမ်ထောင်စုများ၏ စားဝတ်နေရေးအခြေအနေ ဘက်စုံလေ့လာမှုစစ်တမ်းအရ မြန်မာနိုင်ငံရဲ့ ဆင်းရဲနွမ်းပါးမှုရာခိုင်နှုန်းဟာ ၃၂ ရာခိုင်နှုန်းမှ ၂၆ ရာခိုင်နှုန်းသို့ ကျဆင်းသွားကြောင်း သိရှိရပါတယ်။ ဒါပေမယ့် ကုလသမဂ္ဂ ထောင်စုနှစ် ဖွံ့ဖြိုးမှုပန်းတိုင် (Millennium Development Goal-MDG) ရည်မှန်းချက်အရ မြန်မာနိုင်ငံရဲ့ ဆင်းရဲနွမ်းပါးမှုနှုန်းကို ၂၀၁၄-၂၀၁၅ ခုနှစ်မှာ ၁၆ ရာခိုင်နှုန်းသို့ လျှော့ချရမှာ ဖြစ်ပါတယ်။

အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများ(Microfinance Institutions) ဖွဲ့စည်းဖို့ လိုအပ်ရတဲ့အကြောင်းကတော့ အခြေခံလူတန်းစားများ ဆင်းရဲနွမ်းပါးမှုလျော့ကျစေဖို့နဲ့ ၎င်းတို့ရဲ့ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားစေဖို့အတွက် ငွေကြေးအရင်းအနှီးပေးနိုင်ဖို့ ဖြစ်ပါတယ်။ အသေးစား ငွေရေးကြေးရေးလုပ်ငန်းကိုဆောင်ရွက်ရာမှာ အဓိကအားဖြင့် အသေးစားချေးငွေ ထုတ်ချေးခြင်းနှင့် ငွေကြေးစုဆောင်းခြင်းတို့ ပါဝင်ပါတယ်။ အသေးစားချေးငွေဆိုတာဟာ အပေါင်ပစ္စည်း တင်သွင်းရန်မလိုဘဲ အခြေခံလူတန်းစားများကို ထုတ်ချေးတဲ့ အသေးစားချေးငွေကို ဆိုလိုပါတယ်။

ဘဏ်များအနေဖြင့် အပေါင်ပစ္စည်းပေးရန်မရှိသော အခြေခံလူတန်းစားများကို ငွေရေးကြေးရေးဝန်ဆောင်မှုများပေးရန် အခက်အခဲရှိပါတယ်။ ဒါ့ကြောင့် အပေါင်ပစ္စည်းမပေးနိုင်တဲ့ အငယ်စားနဲ့ အသေးစားလုပ်ငန်းရှင် သန်းပေါင်းများစွာတို့ဟာ ပျမ်းမျှလစဉ်အတိုးနှုန်း ၂၀ ရာခိုင်နှုန်းဝန်းကျင်ဖြင့် နေ့ပြန်တိုးပေးသူများနဲ့ အပေါင်ဆိုင်များအပေါ် မှီခိုအားထားနေကြရပါတယ်။ လယ်ယာလုပ်သားများနဲ့ အလုပ်သမားများမှာလည်း ငွေကြေးအရင်းအနှီးရှိသူများထံမှ အလားတူ အတိုးနှုန်းဖြင့် ငွေကြေးများ ချေးငှားအသုံးပြုနေကြရပါတယ်။

မြန်မာနိုင်ငံအတွင်း အသေးစားငွေကြေးဝန်ဆောင်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုကို အားပေးနိုင်ရန်အတွက် မြန်မာနိုင်ငံမှာ ၁၉၉၇ ခုနှစ်က အထူးနားလည်မှုစာချွန်လွှာဖြင့် ပြဋ္ဌာန်းထားတဲ့ ရှေ့ပြေးစီမံကိန်းတစ်ခုအဖြစ် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)၏ လူမှုဖွံ့ဖြိုးရေးစီမံကိန်း(Human Development Initiative-HDI)ဖြင့် အသေးစားငွေရေးကြေးရေး ဝန်ဆောင်မှုစီမံကိန်းကို စတင်မိတ်ဆက်ပေးခဲ့ပါတယ်။ HDI ၏ တစ်စိတ်တစ်ဒေသအဖြစ် ဧရာဝတီတိုင်းဒေသကြီး (မြစ်ဝကျွန်းပေါ်ဒေသ)၊ အပူပိုင်းဒေသနှင့် ရှမ်းပြည်နယ်တို့မှာ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တစ်ဆင့် အသေးစားငွေကြေးဝန်ဆောင်မှု အတော်များများကို အကောင်အထည်ဖော်ခဲ့ကြပါတယ်။

လက်ရှိအခြေအနေမှာ အသေးစားငွေရေးကြေးရေးလုပ်ငန်းကို ဘဏ်များ၊ သမဝါယမအသင်းများ၊ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပမှ အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များအနေနဲ့ ၎င်းတို့ ရွေးချယ်တဲ့ ဒေသအချို့မှာ ဆောင်ရွက်ပေးလျက်ရှိကြပါတယ်။ ဒါပေမယ့် အဲဒီအခွင့်အလမ်းကို ဒေသအားလုံး မရရှိသေးတာ တွေ့ရှိရပါတယ်။ ရရှိတဲ့စာရင်းအရ အသေးစားငွေရေးကြေးရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိတဲ့ အဖွဲ့အစည်းတွေကတော့ ဗဟိုသမဝါယမအသင်းလီမိတက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်သမဝါယမအသင်းစုချုပ်များ၊ ဆန်စပါးအထူးပြုနှင့် ပဲမျိုးစုံအထူးပြုကုမ္ပဏီများ၊ အဓိပတိ လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ Microfinance လုပ်ငန်းစိစစ်ရေးအဖွဲ့၊ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ Private Agency Collaborating Together (PACT Myanmar), Save the Children (Dawn Microfinance Project), Group derechercheetd' Charger Technologies (GRET), Association of Medical Doctors of Asia (AMDA), Agency for Technical Cooperation and Development (ACTED), CARE Myanmar (Care International in Myanmar), WORLD CONCERN (World Concern Myanmar), Total (Yadana Suboo Microfinance), National YWCA, World Vision, Pyoe Pin Program စတဲ့ အဖွဲ့အစည်းတွေ ဖြစ်ကြောင်း သိရှိရပါတယ်။ဒီအသေးစားငွေရေးကြေးရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိတဲ့ အဖွဲ့အစည်းတွေဟာ မိမိတို့ရဲ့ ကိုယ်ပိုင်အစီအစဉ်၊ စည်းမျဉ်းစည်းကမ်း၊ လုပ်နည်းလုပ်ဟန်များအတိုင်းသာ အဆင်ပြေသလို ဆောင်ရွက်လျက်ရှိကြပြီး နိုင်ငံအတွင်း အသေးစားငွေရေးကြေးရေး လုပ်ငန်းတစ်ခုလုံးကို စနစ်တကျ စည်းမျဉ်းစည်းကမ်းချမှတ်ပြီး ကြီးကြပ်ဆောင်ရွက်နိုင်တဲ့ စနစ်တစ်ရပ် မရှိသေးတာကိုလည်း တွေ့ရှိရပါတယ်။

ကျေးလက်ဒေသတွေမှာ စီးပွားရေးအခွင့်အလမ်းတွေ ပိုမိုဖြစ်ထွန်းအောင် ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများရဲ့ လူမှုစီးပွားဘဝ ပိုမို၍ ဖွံ့ဖြိုးတိုးတက်ပြီး ဆင်းရဲနွမ်းပါးမှုများကိုလည်း အထိုက်အလျောက် လျှော့ချသွားနိုင်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ **"ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ကျရေးဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ"** ကို နေပြည်တော်မှာ ပြီးခဲ့တဲ့ မေလ ၂၀ ရက်နေ့ကစပြီး သုံးရက်ဆက်တိုက် ကျင်းပခဲ့ပါတယ်။

၂၀၁၁ ခုနှစ် မေလ ၂၀ ရက်နေ့မှာ ကျင်းပခဲ့တဲ့ **"ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျော့ကျရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ"** ဖွင့်ပွဲတွင် နိုင်ငံတော်သမ္မတက **"အသေးစားငွေကြေးဝန်ဆောင်မှုလုပ်ငန်းဟာ နိုင်ငံတော်ရဲ့ အရေးကြီးတဲ့ လုပ်ငန်းတစ်ရပ်ဖြစ်တယ်။ ဆင်းရဲနွမ်းပါးမှုဆိုရာမှာ အစားအစာ ဖူလုံမှုမရှိခြင်း၊ နေထိုင်စရာ လုံခြုံမှုမရှိခြင်း၊ မကျန်းမမာဖြစ်နေပါလျက် ဆေးဝါးကုသမှုမခံယူနိုင်ခြင်း၊ ကျောင်းထားချိန်တန်ပါလျက် သားသမီးများကို ကျောင်းမထားနိုင်ခြင်းတို့ကြောင့် အနာဂတ်အရေး တွေးပြီး ကြောက်ရွံ့ထိတ်လန့်နေခြင်းတို့ ဖြစ်ပါတယ်။ အဲဒီလို ဆင်းရဲတွင်းနက်မှုကို လျော့ပါးစေရေးအတွက် အသေးစားငွေကြေးဝန်ဆောင်မှု လုပ်ငန်းဟာ လက်နက်ကောင်းတစ်ခုဖြစ်တယ်"**လို့ မိန့်ကြားထားတာ စာဖတ်သူများ သိရှိကြပြီး ဖြစ်ပါလိမ့်မယ်။

အဲဒီ အလုပ်ရုံဆွေးနွေးပွဲက ဆွေးနွေးချက်တွေအပေါ် အခြေခံပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် လယ်ယာကဏ္ဍ ထုတ်လုပ်မှုတိုးတက်ရေး၊ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသ အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစား ပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး စတဲ့လုပ်ငန်း(၈)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ဖို့ နိုင်ငံတော်သမ္မတ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တဲ့ **"ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဗဟိုကော်မတီ"** ကို ဇွန်လ ၁၀ ရက်နေ့က ဖွဲ့စည်းခဲ့ပါတယ်။

ဒါ့အပြင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ဗဟိုကော်မတီက ချမှတ်ထားတဲ့ လုပ်ငန်းစဉ် (၈)ရပ်ကို သက်ဆိုင်ရာ တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်အလိုက် လုပ်ငန်းကော်မတီများနဲ့ ပေါင်းစပ်ကူညီ ဖြည့်ဆည်းပေးနိုင်ဖို့ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တဲ့ **"ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းကော်မတီ"**ကို ဆက်လက်ဖွဲ့စည်းပေးခဲ့ပါတယ်။

ဆက်လက်ပြီး လုပ်ငန်းစဉ်(၈)ရပ်မှာ တစ်ခုအပါအဝင်ဖြစ်တဲ့ **"အသေးစား ပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ"**ကို ပြည်ထောင်စုအစိုးရအဖွဲ့မှ ဇူလိုင်လ ၇ ရက်နေ့မှာ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။ အဲဒီအထောက်အကူပြုကော်မတီမှာ ဥက္ကဋ္ဌအဖြစ် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တာဝန်ယူပြီး လုပ်ငန်းစဉ်(Action Plan)များ ချမှတ်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ အသေးစားငွေရေးကြေးရေး လုပ်ငန်းဆောင်ရွက်ဖို့ရာ လက်ရှိအခြေအနေမှာ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းတွေ ရေးဆွဲပြဋ္ဌာန်းဖို့ လိုအပ်သလို ဒီဥပဒေ၊ စည်းမျဉ်းစည်းကမ်းတွေနဲ့အညီ အသေးစား ငွေရေးကြေးရေးလုပ်ငန်းတွေကို ကြီးကြပ်ကွပ်ကဲမယ့် အဖွဲ့အစည်းတစ်ရပ်ကိုလည်း ဖွဲ့စည်းတာဝန်ပေးအပ်သွားဖို့ လိုအပ်လျက်ရှိပါတယ်။

အဲဒီလိုအပ်ချက်အပေါ် မူတည်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းပေးလိုက်တဲ့ ဒီအထောက်အကူပြုကော်မတီဟာ အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများအပါအဝင် အသေးစား ငွေရေးကြေးရေးလုပ်ငန်းတွေကို ကြီးကြပ်ကွပ်ကဲအထောက်အကူပြုသွားဖို့ တရားဝင်ဖွဲ့စည်းပေးလိုက်တဲ့ အဖွဲ့အစည်းပဲ ဖြစ်ပါတယ်။

အသေးစား ငွေရေးကြေးရေးလုပ်ငန်းတွေကို စနစ်တကျ အကောင်အထည်ဖော်နိုင်ဖို့ လိုအပ်လျက်ရှိတဲ့ အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေ ပြဋ္ဌာန်းနိုင်ဖို့အတွက် ကျွမ်းကျင်သူပညာရှင်များ၊ ဥပဒေပညာရှင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းကို လက်တွေ့လုပ်ကိုင်လျက်ရှိကြတဲ့ အဖွဲ့အစည်းများမှပုဂ္ဂိုလ်များ အကြိမ်ကြိမ် ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး အသေးစား ငွေရေးကြေးရေးလုပ်ငန်းဥပဒေကို ပဋ္ဌမမူကြမ်းအထိ ရေးဆွဲခဲ့ပြီးဖြစ်ကြောင်း သိရှိရပါတယ်။ ဒါ့ကြောင့် မကြာတော့မယ့်ကာလမှာ အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေ ပေါ်ထွန်းလာတော့မှာ ဖြစ်ပါတယ်။

အဆိုပါ အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေကို လွှတ်တော်က အတည်ပြုပြဋ္ဌာန်းနိုင်ခြင်း မရှိသေးမီ အဆိုပါ အထောက်အကူပြုကော်မတီ အနေနဲ့ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်တွေနဲ့ အသေးစား ငွေရေးကြေးရေး လုပ်ငန်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားဖို့ စီစဉ်ထားကြောင်းလည်း သိရှိရပါတယ်။

နိုင်ငံတော်အပိုင်းက အသေးစားငွေကြေးဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများကို ဥပဒေအကာအကွယ်ပေးနိုင်ရန် စနစ်တကျ စီမံဆောင်ရွက်နေပြီဖြစ်ရာ ပြည်သူများအနေဖြင့်လည်း အားတက်သရော ပူးပေါင်းပါဝင်လာရန် လိုအပ်ပါတယ်။ အထူးသဖြင့် မိမိပိုင်ငွေကြေးကို ဘဏ်များသို့ အပ်နှံပြီး ဘဏ်တိုးဖြင့် ရပ်တည်နေမည့်အစား၊ မိမိအိမ်မှာ သိမ်းထားမည့်အစား၊ အခြားအိမ်ရာ၊ မြေ၊ ကားဈေးကွက်များ၌ ရင်းနှီးမြှုပ်နှံလည်ပတ်နေမည့်အစား အခက်အခဲရှိသော ပြည်သူလည်းအကျိုးရှိ၊ နိုင်ငံတော်အတွက်လည်းအကျိုးရှိ၊ ငွေချေးပေးမည့် ကာယကံရှင်အတွက်လည်း အကျိုးအမြတ် အထိုက်အလျောက်သေချာသည့် အသေးစား ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၌ တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ မြှုပ်နှံဆောင်ရွက်သင့်ကြပါတယ်။ ယခင်ကာလများက အခြေခံလူတန်းစားများကို အပေါင်ပစ္စည်းမပါဘဲ ငွေကြေးဝန်ဆောင်မှုပေးရန် ခက်ခဲခဲ့သည် မှန်သော်လည်း ယခုအခါတွင် သက်ဆိုင်ရာဥပဒေများက အာမခံချက်ပေး၊ အကာအကွယ်ပေးထားပြီဖြစ်သည့်အတွက် အသေးစား ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများသည် ရင်းနှီးမြှုပ်နှံသင့်သော အတ္တ၊ ပရ မျှတသည့် လုပ်ငန်းတစ်ရပ်အဖြစ် ပေါ်ထွက်လာပြီ ဖြစ်ပါတယ်။

ချုပ်ပြီးပြောရရင် အစိုးရအဖွဲ့သစ်အနေနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းများကို အမျိုးသားရေးလုပ်ငန်းတာဝန်တစ်ရပ်အဖြစ် အလေးထားဆောင်ရွက်လျက်ရှိရာ ကောင်းမွန်တဲ့အုပ်ချုပ်မှုစနစ် အရှိန်အဟုန်ရလာတာနဲ့အမျှ ထောင်စုနှစ် ဖွံ့ဖြိုးမှုရည်မှန်းချက်ဖြစ်တဲ့ ၂၀၁၅ ခုနှစ်မတိုင်မီ ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရေးဟာလည်း ပိုမိုရုပ်လုံးပေါ်လာမယ်လို့ ယုံကြည်မျှော်လင့်မိပါတယ်။

ဒါ့ကြောင့် မကြာတဲ့ကာလမှာ အခြေခံလူတန်းစားများလိုအပ်တဲ့ ငွေကြေးအရင်းအနှီးများရရှိမယ့် အသေးစား ငွေကြေးဝန်ဆောင်မှု အခွင့်အရေးများ ခံစားကြရတော့မှာ ဖြစ်ပါတယ်။ **"ရေမြင့်မှ ကြာတင့်တယ်"** ဆိုသလို အသေးစား ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ပြန့်ပွားအောင်မြင်လာတာနဲ့အမျှ တိုင်းပြည်ရဲ့ အခြေခံလူတန်းစားများဖြစ်တဲ့ တောင်သူလယ်သမား၊ အလုပ်သမားများရဲ့ လူနေမှုဘဝ တိုးတက်မြင့်မားလာပြီး တိုင်းပြည်ရဲ့ဂုဏ်သိက္ခာလည်း မြင့်တက်လာမှာ မလွဲဧကန် ဖြစ်ပါတယ်။ ။

နိုင်ငံတော်အပိုင်းက အသေးစားငွေကြေးဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများကို ဥပဒေအကာအကွယ်ပေးနိုင်ရန် စနစ်တကျ စီမံဆောင်ရွက်နေပြီဖြစ်ရာ ပြည်သူများအနေဖြင့်လည်း အားတက်သရော ပူးပေါင်းပါဝင်လာရန် လိုအပ်။ အထူးသဖြင့် မိမိပိုင်ငွေကြေးကို ဘဏ်များသို့အပ်နှံပြီး ဘဏ်တိုးဖြင့် ရပ်တည်နေမည့်အစား၊ မိမိအိမ်မှာ သိမ်းထားမည့်အစား၊ အခြားအိမ်ရာ၊ မြေ၊ ကားဈေးကွက်များ၌ ရင်းနှီးမြှုပ်နှံလည်ပတ်နေမည့်အစား အခက်အခဲရှိသောပြည်သူလည်း အကျိုးရှိ၊ နိုင်ငံတော်အတွက်လည်း အကျိုးရှိ၊ ငွေချေးပေးမည့်ကာယကံရှင်အတွက်လည်း အကျိုးအမြတ် အထိုက်အလျောက်သေချာသည့် အသေးစား ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၌ တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ မြှုပ်နှံဆောင်ရွက်သင့်။ ယခင်ကာလများက အခြေခံလူတန်းစားများကို အပေါင်ပစ္စည်းမပါဘဲ ငွေကြေးဝန်ဆောင်မှုပေးရန် ခက်ခဲခဲ့သည် မှန်သော်လည်း ယခုအခါတွင် သက်ဆိုင်ရာ ဥပဒေများက အာမခံချက်ပေး၊ အကာအကွယ်ပေးထားပြီဖြစ်သည့်အတွက် အသေးစားငွေကြေး ဝန်ဆောင်မှုလုပ်ငန်းများသည် ရင်းနှီးမြှုပ်နှံသင့်သော အတ္တ၊ ပရ မျှတသည့် လုပ်ငန်းတစ်ရပ်အဖြစ် ပေါ်ထွက်လာပြီဖြစ်။

အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ သတ်မှတ်ငွေကြေးနှင့် သတ်မှတ်ကာလအတွင်း လွယ်ကူစွာ ထုတ်ပေးနိုင်ရေး အရှိန်အဟုန်ဖြင့် ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၀

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ဇူလိုင် ၈ ရက် နံနက် ၁၀ နာရီတွင် မကွေးတိုင်းဒေသကြီး မြို့သစ်မြို့ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူးရုံး၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် မြို့နယ်ရုံးဝန်ထမ်းများအား တွေ့ဆုံကာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ သတ်မှတ်ငွေကြေးနှင့် သတ်မှတ်ကာလအတွင်း လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားမည့်အစီအမံများ၊ ယင်းလုပ်ငန်းများ မြန်ဆန်ထိရောက်စေရေးအတွက် ပြည်သူအပေါ် ဖြေလျှော့ဆောင်ရွက်ပေးမည့်အစီအစဉ်များ၊ အခြားဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ရမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းမှာကြားသည်။

လှည့်လည်စစ်ဆေး

ထို့နောက် ဝန်ထမ်းများအား လုပ်ငန်းလိုအပ်ချက်များ မေးမြန်းကာ ရပ်မိရပ်ဖများအား လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး မြို့နယ်ရုံးမှတ်တမ်းခန်းကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မြို့သစ်မြို့နယ် ဖိုကြီးကျေးရွာရှိ မိုးကောင်းစေတီဓမ္မာရုံ၌ ဒေသခံကျေးရွာပြည်သူများအားတွေ့ဆုံ၍ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးမည့်အစီအမံများကို ရှင်းလင်းပြောကြားရာ တက်ရောက်လာကြသည့် ကျေးရွာသူ ကျေးရွာသားများက မရှင်းလင်းသည့် အချက်များ၊ သိလိုသည့် အချက်များကို မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက မေးမြန်းချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ မြို့သစ်မြို့ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူးရုံး၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် မြို့နယ်ရုံးဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တောင်ကြီးတက္ကသိုလ် နှစ်(၅၀)ပြည့် ရွှေရတုကျော်ငြာဆိုင်းဘုတ်ဖွင့်

နေပြည်တော် ဇူလိုင် ၁၀

ရှမ်းပြည်နယ် တောင်ကြီးတက္ကသိုလ် နှစ်(၅၀)ပြည့် ရွှေရတုကြော်ငြာဆိုင်းဘုတ်တင် ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၇ ရက် နံနက်ပိုင်းတွင် တောင်ကြီးမြို့ ဗိုလ်ချုပ်လမ်း မြို့မဈေးကြီး အဆောက်အအုံရှေ့၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ရှမ်းပြည်နယ် ဥပစာကောလိပ်မှ တောင်ကြီးတက္ကသိုလ် နှစ်(၅၀)ပြည့် ရွှေရတုကြော်ငြာဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့သည်။**(အပေါ်ပုံ)**

(သတင်းစဉ်)

❑ကျောဖုံးမှ

ပတ်သက်၍ သတင်းအချက်အလက်များကို စုဆောင်းရယူလျက်ရှိကြောင်း ဒါနောဂီရန်း မိကျောင်းလေ့လာရေးဌာနက ပြောကြားသည်။

မလေးရှားနိုင်ငံ ဆာဘားနှင့် ဆာရာဝပ်ပြည်နယ်များ၌ လွန်ခဲ့သည့် ၁၀ နှစ်တာကာလအတွင်း မိကျောင်းက လူကို ရန်မူတိုက်ခိုက်မှု ၃၈ ကြိမ်ဖြစ်ပွားခဲ့ပြီး ၂၃ ဦး သေဆုံးခဲ့ရသည်။

ရေငန်မိကျောင်း အထီးသတ္တဝါများ၏ လှုပ်ရှားသွားလာမှုကို ပိုမိုသိရှိလာစေရန် မိမိတို့ လေ့လာသွားမည်ဖြစ်ကြောင်း မိကျောင်းသုတေသီ ဘီနွိုက်ဂိုဆန်က ပြောကြားသည်။

မိကျောင်းများ၏ သဘောသဘာဝကို ပိုမိုသိရှိလာခြင်းဖြင့် ကျေးရွာသူ၊ ကျေးရွာသားများနှင့် စိုက်ခင်းလုပ်သားများ အနေဖြင့် မိကျောင်းဘေးအန္တရာယ်မှ ပိုမိုရှောင်ရှားလာနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

မြစ်များအနီး၌ စိုက်ခင်းသစ်များ ထူထောင်နိုင်ရန် မြေယာခုတ်ထွင်ရှင်းလင်းခြင်းကြောင့် မိကျောင်းများ အစာရှာဖွေစားသောက်ရာ နေရာများ ယုတ်လျော့သွားခြင်းသည် လူတို့ကို မိကျောင်းတို့က ရန်မူတိုက်ခိုက်မှုကို တိုးမြင့်ဖြစ်ပေါ်စေကြောင်း ၎င်းက ပြောကြားသည်။

အင်တာနက်။

နိုင်ငံတကာအနုပညာရပ်ဝန်း

ဟောလိဝုဒ်ရုပ်ရှင်ဈေးကွက်၏ ဝင်ငွေအကောင်းဆုံးဇာတ်ကားများ

အမေရိကန်နိုင်ငံ ဟောလိဝုဒ်ရုပ်ရှင်ဈေးကွက်တွင် လွန်ခဲ့သည့်ရက်သတ္တပတ်သောကြာနေ့အထိ အခြေအနေမှာ Transformers:Dark of the Moon **(ယာပုံ)** အက်ရှင်ဇာတ်ကားက ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၉ သန်းဖြင့် ထိပ်ဆုံးမှရပ်တည်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ယခင် Transformers စက်ရုပ်ဇာတ်ကားများတွင် မင်းသမီး မီဂန်ဖော့က သရုပ်ဆောင်ခဲ့သော်လည်း ယခု Transformers ဇာတ်ကားတွင် မက်ဆင်မဂ္ဂဇင်းက ၂၀၁၁ ခုနှစ်အတွက် ဆွဲဆောင်မှုအရှိဆုံး အမျိုးသမီး ၁၀၀ စာရင်းကို ရွေးချယ်ခဲ့ရာတွင် ထိပ်ဆုံးမှ ရပ်တည်ခဲ့သည့် ဗြိတိသျှမော်ဒယ်လ် ရိုစီဟန်သီတန်ဝိုက်တလေက သရုပ်ဆောင်ထားသည်။

ဒုတိယနေရာတွင် ကမ္ဘာကျော်ဟောလိဝုဒ်မင်းသမီးချော ဂျနီဖာအန်နစ်စတန် ပါဝင်သရုပ်ဆောင်ထားသည့် Horrible Bosses ဇာတ်ကားက ဝင်ငွေ အမေရိကန်ဒေါ်လာ ၉ ဒသမ ၉ သန်းဖြင့် ရပ်တည်နေပြီး ယင်းဇာတ်ကားတွင် ဂျနီဖာနှင့်အတူ ဂျက်ဆင်ဘတ်မန်း၊ ဂျက်ဆင်ဆူဒီကစ်၊ ချာလီဒေး၊ ကီဗင်စပေစီနှင့် ကောလင်းဖာရယ်လ်တို့ ပါဝင်သရုပ်ဆောင်ထားသည်။

တတိယနေရာတွင် ကီဗင်ဂျိန်စ်၏ Zookeeper ဟာသဇာတ်ကားက အမေရိကန်ဒေါ်လာ ၇ ဒသမ ၄ သန်း၊ စတုတ္ထနေရာတွင် Cars 2 ဇာတ်ကားက အမေရိကန်ဒေါ်လာ ၄ ဒသမ ၈ သန်းဖြင့် ရပ်တည်လျက်ရှိသည်။

နံပါတ် (၅) နေရာတွင် ဟောလိဝုဒ်မင်းသမီးချော ကင်မရွန်းဒိုင်ယက်ဇ်နှင့် ဂျက်စတင် တင်ဘာလိတ်ခ်တို့ သရုပ်ဆောင်ထားသည့် Bad Teacher ဟာသဇာတ်ကားက အမေရိကန် ဒေါ်လာ ၃ သန်း၊ နံပါတ် (၆)နေရာ တွင် မင်းသမီး ဂျူလီယာရောဘတ်နှင့် တွမ်ဟန့်ခ်တို့ သရုပ်ဆောင်ထားသည့် Larry Crowne ဇာတ်ကားက အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ သန်းနှင့် နံပါတ်(၇)နေရာတွင် အဆိုတော်သရုပ်ဆောင်မင်းသမီး ဆီလီနာဂိုမက်ဇ် ပါဝင်သရုပ်ဆောင်ထားသည့် Monte Carlo ဇာတ်ကားက အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်းဖြင့် ရပ်တည်လျက်ရှိသည်။

နံပါတ်(၈)နေရာတွင် Super 8 ဇာတ်ကားက ဒေါ်လာ ၁ ဒသမ ၄ သန်း၊ နံပါတ်(၉)နေရာတွင် Mr. Popper's Penguins ဇာတ်ကားက ဒေါ်လာတစ်သန်းနှင့် နံပါတ်(၁၀)နေရာတွင် Green Lantern ဇာတ်ကားက အမေရိကန်ဒေါ်လာ ၉၄၅၀၀၀ ဖြင့် ရပ်တည်လျက်ရှိကြသည်။

အင်တာနက်။

အောဝမ်းစိုး

ကန့်ဘလူဈေး မီးဘေးကာကွယ်ရေးဆောင်ရွက်

ကန့်ဘလူ ဇူလိုင် ၁၀

ကန့်ဘလူမြို့ မြို့မဈေး မီးဘေးလုံခြုံရေးဆောင်ရွက်ထားရှိမှုနှင့် ဈေးဆိုင်များ တည်ခင်းရောင်းချနေမှုကို ဧပြီ ၇ ရက်က စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင်က ကွင်းဆင်းစစ်ဆေးသည်။

(မြို့နယ်စည်ပင်)

စာအုပ်စာပေ လှူမိတ်ဆွေ



The Future Myanmar Business Report Vol(4) ထွက်ရှိ

မြန်မာ၊ အင်္ဂလိပ်၊ တရုတ်ဘာသာများဖြင့် ထုတ်ဝေသော The Future Myanmar Business Report Vol(4) အား Yangon Publishing House မှ ထုတ်ဝေဖြန့်ချိလိုက်သည်။

အဆိုပါ လစဉ်ထုတ်မဂ္ဂဇင်းတွင် Alpine ရေသန့်နှင့် အခြားလုပ်ငန်းများ အင်တာဗျူးဆောင်းပါးအပြင် ၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲ၊ သရဖူဆောင်းဆဲ၊ ဆောင်းမြဲဆောင်းနေဦးမည့် မြန်မာ့ကျောက်စိမ်း၊ ပုလဲအကြောင်း၊ သားရွှေအိုးထမ်းမယ့် မြန်မာ့ကျောက်စိမ်း၊ ထာပွဲအကြောင်း၊ အနာဂတ်တွင် ရွှေကဲ့သို့ ရင်းနှီးမြှုပ်နှံမှု အလားအလာကောင်းသည့် ကြေးနီနှင့် ရေနံဆောင်းပါးတို့ဖြင့် အထူးဖော်ပြထားသည်။

The Future Myanmar Business Report Vol(4) ကို မြန်မာ၊တရုတ်၊ စင်ကာပူ၊ မလေးရှား၊ ဂျပန်၊ ထိုင်း၊ အိန္ဒိယနိုင်ငံများနှင့် အမြို့မြို့အနယ်နယ်ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်သည့်အပြင် Yangon Publishing House တိုက်(A-3-1) အခန်း(1203) မြန်မာ့ဂုဏ်ရည်အိမ်ရာ အထက်ပန်းဆိုးတန်းလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၉၃၁၀၂၊ ၀၉-၈၆၀၁၈၅၄ နှင့် ၀၉-၅၁၅၈၈၃၈ တို့သို့ ဆက်သွယ်မှာယူနိုင်သည်။

စာပေဗိမာန်ထုတ် သုတပဒေသာစာစောင် ဖြန့်ချိ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ၂၀၁၁ ခုနှစ် ဇူလိုင်လထုတ် သုတပဒေသာစာစောင် အတွဲ(၃၈) အမှတ်(၇)ကို ဘာသာပြန်စာပေစိတ်ဝင်စားသည့် စာဖတ်ပရိသတ်အတွက် ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၈၀၀ နှုန်းဖြင့် နေပြည်တော် သပြေကုန်းဈေးရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ ရန်ကုန်မြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်များနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ပြီး လက်ကားဝယ်ယူလိုပါက စာပေဗိမာန် အရောင်းဌာန အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁ သို့ ဆက်သွယ်ဝယ်ယူနိုင်သည်။

ပီမိုးနင်း၏ ဝတ္ထုပဒေသာ အမှတ်-၁၄ ထွက်ရှိ

စာရေးဆရာကြီး ပီမိုးနင်း၏ မဂ္ဂဇင်းများတွင်ဖော်ပြခဲ့သော ဝတ္ထုတိုကိုးပုဒ်ကို စုစည်း၍ ဝတ္ထုပဒေသာအမှတ်-၁၄ အမည်ဖြင့် စိတ်ကူးချိုချိုစာပေတိုက်မှ ထွက်ရှိလာသည်။ ယနေ့ခေတ်တွင် မရှိတော့သည့် ဒဂုန်မဂ္ဂဇင်း၊ လန်ဒန်အတ်မဂ္ဂဇင်း၊ ကဝိမျက်မှန်မဂ္ဂဇင်းများတွင် ဖော်ပြခဲ့သော ရင်ငွေ့တော်၊ သုံးနှစ်စောင့်ပါ၊ နန်းညွန့်ဒါလီ၊ ကလပ်နောင်၊ ဂနိုင်ကြော့၊ ကျား၊ မယားထိတော့၊ အာဂလူပျိုကြီး၊ စောမောင်မယ်စသည့် ဝတ္ထုတိုကိုးပုဒ်ကို စုစည်းဖော်ပြထားသည်။ ရသစာပေလိုက်စားသူများနှင့် ရှေးစာရေးဆရာကြီးတို့၏ စာအရေးအသားကို လေ့လာသိမ်းဆည်းထားလိုသူများ အတွက် စုဆောင်းထားသင့်သောစာအုပ်ဖြစ်သည်။

တန့်ဆည်မြို့နယ် ကံထူးမစံပြကျေးရွာ တိုက်နယ်ဆေးရုံသစ်ဖွင့်ပွဲနှင့် အခြေခံပညာအထက်တန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၁၀

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးနှင့် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးတို့သည် ဇူလိုင် ၉ ရက် နံနက်ပိုင်းတွင် ရေဦး-တန့်ဆည်လမ်းပိုင်း ခပေါင်းကြိုင်ကျေးရွာရှိ တောင်သူဦးအောင်ကြီးပါ တောင်သူ ၁၀ ဦး၏ ကွင်းအမှတ် ၁၁၂၂ ၌ မိုးစပါးစိုက်ပျိုးမည့် ဧက ၂၀ အား စက်ယန္တရားများဖြင့် ထွန်ယက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် တန့်ဆည်မြို့နယ် ကံထူးမ စံပြကျေးရွာ တိုက်နယ်ဆေးရုံသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြရာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတင်မြင့်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှဦး၊ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာသန်းထွန်းနှင့် ဆေးရုံဆောက်လုပ်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးတင်တို့က တိုက်နယ်ဆေးရုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် တိုက်နယ်ဆေးရုံသစ်၏ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ဆေးကုသမှု ခံယူလျက်ရှိကြသော လူနာများအား ကြည့်ရှုအားပေးကြသည်။

ကံထူးမ တိုက်နယ်ဆေးရုံသည် စံကိုက်ပင်မဆေးရုံတစ်ဆောင်၊ သံယာဆောင်တစ်ဆောင်၊ ဆရာဝန်နေအိမ်တစ်လုံးနှင့် ဝန်ထမ်းနေအိမ် နှစ်ခန်းတွဲ သုံးလုံးအပါအဝင် မြေငါးဧကပေါ်၌ ငွေကျပ်သိန်းနှစ်ထောင်ကျော်ဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် အခြေခံပညာအထက်တန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးတို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် တိုက်နယ်ဆေးရုံသစ် ဆောက်လုပ်ရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသန်းမြင့်က မြို့နယ်ကျန်းမာရေးမှူး ဒေါက်တာကမ်ပိုထံ ဆေးရုံသစ်နှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့် အလှူရှင်များက တိုက်နယ်ဆေးရုံသစ်အတွက် ဆေးရုံငွေပဒေသာပင် အလှူငွေကျပ် ၃၉ သိန်းကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက အခြေခံပညာအထက်တန်းကျောင်းအတွက် ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၃၀၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ရေဦး-ခင်ဦးလမ်းပိုင်းရှိ ကံသစ်ကျေးရွာအနီး၌ ရေသွင်းမြောင်း ပြန်လည်တူးဖော်၍ ကားလမ်းတိုးချဲ့ဖောက်လုပ်နေမှုလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

တက္ကသိုလ်ဝင်အောင်ချက်မြင့်မားအောင် အလေးထားဆောင်ရွက် အခြေခံကောင်းများရရှိအောင် စနစ်တကျ သင်ကြားပေး

နေပြည်တော် ဇူလိုင် ၁၀

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်သည် ဇူလိုင် ၉ ရက် နံနက် ၉ နာရီတွင် ပုသိမ်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသော ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ဧရာဝတီတိုင်းဒေသကြီး တက္ကသိုလ်ဝင် အောင်ချက်မြင့်မားရေး မွမ်းမံသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ထိုသို့ ပြောကြားရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ၂၀၁၁-၂၀၁၂ ပညာသင်နှစ်ကို တိုင်းဒေသကြီး၏ တက္ကသိုလ်ဝင် အောင်ချက်မြင့်မားရေး အထူးနှစ်အဖြစ်သတ်မှတ်ပြီး မိမိတို့သက်ဆိုင်ရာ ကျောင်းများအနေဖြင့် တက္ကသိုလ်ဝင်အောင်ချက်မြင့်မားအောင် အလေးထား ဆောင်ရွက်ကြရန်၊ တက္ကသိုလ်ဝင် အောင်ချက်မြင့်မားရေးအတွက် မူလတန်းနှင့်အလယ်တန်းတို့မှစ၍ အခြေခံကောင်းများရရှိအောင် စနစ်တကျ သင်ကြားပေးကြရန်နှင့် တိုင်းဒေသကြီး၏ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် အလေးထား ဆောင်ရွက်ကြရန် မှာကြားပြီး သင်တန်းတက်ရောက်လာကြသော ဆရာ၊ ဆရာမများအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

အဆိုပါ သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ပုသိမ်တက္ကသိုလ် တာဝန်ခံပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခဌာနမှူးများ၊ တိုင်းဒေသကြီး ပညာရေးမှူးများ၊ တိုင်းဒေသကြီး အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းအုပ် ဆရာ၊ ဆရာမကြီးများနှင့် အထက်တန်းပြဆရာ၊ ဆရာမများ စုစုပေါင်းအင်အား ၉၃၉ ဦး တက်ရောက်ကြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် အဖွဲ့ဝင်များသည် ဇူလိုင် ၁၀ ရက် နံနက် ၇ နာရီ ၁၅မိနစ်တွင် ပုသိမ်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်ပြီး ရတနာတန်းဝင် ကျွန်းပင်များကို စိုက်ပျိုးပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်းအင်အား ၁၂၀၀ တို့၏ ကျွန်းပျိုးပင် ၂၅၀၊ မဟော်ဂနီ ၁၀၀၊ ပျဉ်းမပျိုးပင် ၁၀၀၊ ပျဉ်းကတိုးပျိုးပင် ၁၀၀ နှင့် အခြားသစ်မာပျိုးပင် ၅၀ စုစုပေါင်းပျိုးပင် ၆၀၀ စိုက်ပျိုးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

(သတင်းစဉ်)

အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဇူလိုင် ၁၀

ယနေ့ နံနက် ၇ နာရီ ၁၀ မိနစ် ၂၀ စက္ကန့်တွင် မန္တလေးမြေငလျင်စခန်းမှ အနောက်-အနောက်တောင်ဘက် မိုင် ၁၅၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ကန်ပက်လက်မြို့၏ အနောက်တောင်ဘက် ၁၂ မိုင်ခန့်အကွာ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၈ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။

(သတင်းစဉ်)

အခွန်စည်းကြပ်ကောက်ခံမှု တောင်ငူ၌ရှင်းလင်း

တောင်ငူ ဇူလိုင် ၁၀

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန တောင်ငူမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ အခွန်စည်းကြပ်ကောက်ခံမှု ကိစ္စရပ်များနှင့် ပတ်သက်၍ အခွန်ထမ်းပြည်သူများအား အခွန်ပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ဇူလိုင် ၄ ရက် နံနက်ပိုင်းက တောင်ငူမြို့ ခပေါင်းခန်းမ၌ ကျင်းပရာ တောင်ငူခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးလှမင်းထွဋ်က အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် တောင်ငူခရိုင် အခွန်ဦးစီးဌာနမှူး ဦးခင်မောင်ညွန့် **(အပေါ်ပုံ)**၊ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးဟန်မြင့်နှင့် ဒုတိယအခွန်ဦးစီးမှူး ဒေါ်မြင့်မြင့်သန်းတို့က ပြည်တွင်းအခွန်များဦးစီးဌာနမှ တာဝန်ယူကောက်ခံနေသော အခွန်အမျိုးအစားများ၊ ပုဂ္ဂလိကလုပ်ငန်းများနှင့် ပတ်သက်၍ အမြတ်ခွန်ဥပဒေမှ ဝင်ငွေခွန် ဥပဒေဖြင့် ပြောင်းလဲကောက်ခံခြင်းနှင့် ဝင်ငွေခွန်ဥပဒေအရ အခွန်ထမ်းများ ထားရှိရမည့် စာရင်းဇယားများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

(၄၇၂)

လှိုင်သာယာမြို့နယ် ရွှေရင်အေးဈေး သမဝါယမအသင်းလီမိတက်၏ အစည်းအဝေးနှင့် အမှုဆောင်ဒါရိုက်တာ ရွေးချယ်ရေးကို ဇွန် ၂၀ ရက်က ဈေးမွှာရုံ၌ ကျင်းပရာ အရွေးချယ်ခံဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ ဒါရိုက်တာအဖွဲ့ဝင် ငါးဦးနှင့် အသင်းသား စာရင်းစစ်နှစ်ဦးတို့က အဖွဲ့ထံ ကတိသစ္စာ ခံယူကြစဉ်။ (၃၂၉)

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် (၂၇) လမ်းမှ ကွယ်လွန်သူ မိခင်ဒေါ်မြစန်းနှစ်နှစ်ပြည့်အားရည်စူး၍ ဖခင်ဆရာကြီး ဦးစိုးတင့်အား အမှူးထားပြီး သား၊ သမီးများက တစ်နေ့လုံးစာ အာဟာရကျွေးမွေးရန် ငွေကျပ်တစ်သိန်းငါးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁-၇-၂၀၁၁ (တနင်္လာနေ့)

AM & PM

၅:၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ရတနသုတ်
၅:၂၀	MRTV-4 သတင်း
၅:၅၀	"ဒုက္ခမသိ နိဗ္ဗာန်မရှိ"တရားတော် ဦးတေဇိန္ဒ(သွေးဆေးကန်ဆရာတော်)
၆:၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၆၁)**
၇:၃၀	MRTV-4 သတင်း
၈:၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၃)**
၈:၅၀	မြတ်စွာဘုရား၏ပရိယတ္တိသာသနာတော်ဘက်စုံ တိုးတက်ခိုင်မာ၊ ထွန်းကားပြန့်ပွားရေး ဆွေးနွေးပွဲ
၉:၀၀	သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး (ဒေါက်တာခင်မောင်လွင်၊ စာရေးဆရာချစ်စံဝင်း)
၉:၃၀	စာအုပ်ပြခန်း (ရန်ကုန်ခရီးသွားသမိုင်းထဲက မထသ ချစ်စံဝင်း)
၁၀:၀၅	ဓုတင်္ဂစာရဓမ္မသုခ ဆရာတော်ကြီး၏ မေတ္တာရိပ်အောက်မှ အလင်းရောင်များ
၁၀:၂၅	ပန်းပျိုးလက်ဖြင့် ပန်းပျိုးဆက်တို့ ထက်မြက်ရှင်သန်စေရာ
၁၀:၄၀	The Champion of Dance
၁၁:၂၅	Celebrity Choice (ဟဲလေး)
၁၁:၅၅	ဆေးလိပ်ဖြတ်ပွဲအခမ်းအနားနှင့် အသည်းခြောက်ရောဂါ (အပိုင်း-၂) ပါမောက္ခ ခင်မောင်ဝင်း(အသည်း)
၁၂:၁၅	ရန်ကုန်မြင်ကွင်းကျယ် (ရဲရင့် Computer ၏ Power Coating Technical Seminar)
၁၂:၃၀	စားချင်စဖွယ်နည်းအသွယ်သွယ် (လိမ္မော်ရည်ဆမ်းငါးဟင်းနှင့် ကောက်ညှင်းအစာသွတ်ကင်းမွှန်ပြုလုပ်နည်း)
၁၂:၄၅	မြန်မာပြည်ရဲ့ပါရမီ
၁:၀၀	"ဒုက္ခမသိ နိဗ္ဗာန်မရှိ"တရားတော် ဦးတေဇိန္ဒ(သွေးဆေးကန်ဆရာတော်)
၂:၀၀	MRTV-4 သတင်း
၂:၂၀	မူဟန်ကိုယ်စီတေးကိုသီ
၂:၄၀	အနုပညာရပ်ဝန်းမှရင်ခုန်သံများ "အပြင်းစားကြီးဂေါ်" ဗီဒီယိုရိုက်ကွင်း
၃:၀၅	ခဝဲခြံမျက်မမြင်ကျောင်း
၃:၂၅	MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၆၁)**
၄:၁၀	MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၃)**
၅:၀၅	ဖက်ရှင်ကျကျ ဒီဇိုင်းလှလှ
၅:၂၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၆:၀၀	MRTV-4 သတင်း
၆:၂၀	Sunday Talk [မောင်လူမွှေး(မြန်မာမှု)၊ မျိုးမြတ်သူ]
၆:၅၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၆၂)**
၇:၄၅	ဗီဒီယိုပြခန်း
၈:၀၀	MRTV-4 သတင်း
၈:၃၀	အရိုး၊ အကြော၊ အဆစ်ရောဂါများ (ပါမောက္ခဒေါက်တာချစ်စိုး)
၈:၄၀	စကားနပန်း (အတတ်ပညာရှိတာကောင်းတယ်၊ အသိပညာရှိတာကောင်းတယ်)
၉:၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၄)**
၁၀:၂၀	အနုပညာမိုးကောင်းကင်
၁၀:၄၀	တစ်သက်စာ [ထွန်းထွန်း(Examplez)၊ သဇင်] (ဒါရိုက်တာ-ဝင်းထွန်းထွန်း)
၁၁:၀၅	International Show Biz
၁၁:၂၅	သီးနှံစိုက်ပျိုးအထွက်တိုး "ပြည်ပဝင်ငွေရစေရာ ဆေးဖက်ဝင်သစ်ခွစိုက်ပါ"
၁၁:၃၀	ဈေးဝယ်လမ်းညွှန် (မဟာတော်ဝင်)
၁၁:၅၀	အန္တရာယ်ကင်းသောမိခင်ဘဝ (ဒေါက်တာသိန်းသိန်းဌေး)
၁၂:၀၀	ငွေဆောင်ခရီးစဉ်မှသည် ဘဝအတွက်ခွန်အားသစ်များ မွေးဖွားခြင်း
၁၂:၄၀	လူမှုစီးပွားမြင့်မားဖို့ကျေးရွာစာကြည့်တိုက်အတွင်းစာဖတ်စို့
၁၂:၄၅	အိုက်ကီဒိုနှင့်သမီးပျို
၁:၀၀	Box Office Movies (Watch Men)
၁:၂၅	နုယဉ်ဆန်းထွင်ပန်းအလှဆင် (Diamond ပုံပန်းအိုးထိုးနည်း)
၁:၅၅	ငြိမ့်ညောင်းသာယာစောင်းပညာ (တယောဦးတင်ရီ)
၂:၂၀	ပြင်ဦးလွင်မှ Feel စားသောက်ဆိုင်သို့အလည်တစ်ခေါက်
၂:၄၅	တန်ခိုးထွဋ်ခေါင်ရွှေနတ်တောင်
၃:၀၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄:၀၀	အဆင့်မြင့်ကြွေသီးစက်ရုံ (ချောက်မြို့)
၄:၃၅	ကျန်းမာလှပတဲ့ဘဝပိုင်ဆိုင်ဖို့ ယောဂကျင့်စဉ်ကျင့်ကြစို့
၅:၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

75th Fiera del Levante နိုင်ငံတကာ ကုန်စည်ပြပွဲ ကျင်းပမည်

နေပြည်တော် ဇူလိုင် ၁၀

အီတလီနိုင်ငံ အရှေ့တောင်ပိုင်းရှိ Bari မြို့၌ စက်တင်ဘာ ၁၀ ရက်မှ ၁၈ ရက်အထိ 75th Fiera del Levante နိုင်ငံတကာကုန်စည်ပြပွဲကို ကျင်းပမည်ဖြစ်သည်။

ပြပွဲတွင် လက်မှုပညာပစ္စည်းများ ပါဝင်ပြသရောင်းချနိုင်ပြီး နိုင်ငံတကာလက်မှုပညာပြခန်းနှင့် စီးပွားရေးဖလှယ်မှုနေရာပြခန်းဟူ၍ နှစ်မျိုး ခွဲခြားထားကြောင်း၊ နိုင်ငံတကာလက်မှုပညာပြခန်းအတွက် နေရာငှန်းထားများမှာ တရားဝင်ပါဝင်သူများအတွက် တစ်စတုရန်းမီတာလျှင် ယူရို ၁၆၅၊ ပုဂ္ဂလိကပါဝင်သူများအတွက် ယူရို ၁၈၃၊ ဝင်ကြေးယူရို ၃၂၀ ဖြစ်ကြောင်းနှင့် စီးပွားရေးဖလှယ်မှု ပြခန်းအတွက် Stand တစ်ခုလျှင် ယူရို ၃၅၀ ဖြစ်ကြောင်း သိရှိရသည်။

ပြပွဲသို့ သွားရောက်ပြသခြင်းဖြင့် မိမိတို့နိုင်ငံ၏ ကုန်ထုတ်လုပ်မှုစွမ်းရည်များ၊ ဓလေ့ရိုးရာများ၊ လက်မှုပညာထုတ်လုပ်မှုများနှင့် အမျိုးမျိုးသော လက်မှုပစ္စည်းများကို ကမ္ဘာက သိစေမည်ဖြစ်သည်။

သို့ဖြစ်၍ ပြပွဲသို့ သွားရောက်ပြသလိုပါက ပြသလိုသည့် ကုမ္ပဏီအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဌာနခွဲ ဖုန်း-၀၆၇-၄၀၈၃၁၀ သို့ ဆက်သွယ်နိုင်သည်။

(သတင်းစဉ်)

◆ကျောဖုံးမှ

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်သည် အထူးရောင်းချပွဲ၌ ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များ ကျောက်စိမ်းအတွဲများကို ဈေးပြိုင်ပေး၍ ဝယ်ယူနေမှုနှင့် တာဝန်ရှိသူများက ရတနာကုန်သည်များအား လိုအပ်သည်များ ကြီးကြပ်ဆောင်ရွက်ပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားသည်။

ယနေ့နံနက် ၈ နာရီမှစ၍ ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များသည် ခင်းကျင်းပြသထားသော ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည့် ကျောက်စိမ်းအတွဲများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာမှတ်သားကြပြီး ဈေးပြိုင်ပေး၍ အပြိုင်အဆိုင် ဝယ်ယူကြရာ ပြပွဲဗဟိုကော်မတီအတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေ၊ ပြပွဲဗဟိုကော်မတီဝင်များနှင့် တာဝန်ရှိသူများက လိုက်လံကြီးကြပ်ဆောင်ရွက်ပေးကြကြောင်းနှင့် ယနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၂၆ တွဲ ရောင်းချခဲ့ရကြောင်း သိရှိရသည်။

၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲကို မဏိရတနာကျောက်စိမ်းခန်းမ၌ ဇူလိုင် ၁၃ ရက်အထိ ဆက်လက်ကျင်းပကာ ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ဆက်လက် ရောင်းချသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များ ခင်းကျင်းပြသထားသော ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည့် ကျောက်စိမ်းအတွဲများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

စစ်ကိုင်းမြို့၌ ကျောင်းဆောင်သစ် လွှဲပြောင်းခြင်းနှင့် ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများ ဂုဏ်ပြုပွဲ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် တက်ရောက်

နေပြည်တော် ဇူလိုင် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ တကောင်းရပ်ကွက် ရွှေရိုင်တန်း ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၉ ရက် နံနက် ၈ နာရီခွဲတွင် အမှတ်(၁၀) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် တက်ရောက်ပြီး ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ၊ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်ဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး (အုပ်ချုပ်ရေး) ဦးကျင်မောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်ဝေနှင့် ကျောင်းအကျိုးတော်ဆောင် ဦးအောင်ကြည်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က ကျောင်းဆောင်သစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဒုတိယဝန်ကြီးက ကျောင်းဆောင်သစ်လှူဒါန်းခြင်းအတွက် ကျေးဇူးတင် ဂုဏ်ယူစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ ဒုတိယဝန်ကြီးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အလှူရှင်များလှူဒါန်းကြသည့် ကျောင်းအတွက် အလှူငွေနှင့် ကျောင်းသုံးစာရေးကိရိယာများကို လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယခု ဆောက်လုပ်လှူဒါန်းသည့် အမှတ်(၁၀) အခြေခံပညာမူလတန်းကျောင်း ရွှေရိုင်တန်း ကျောင်းဆောင်သစ်သည် သံကူကွန်ကရစ် တစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး အလျား ပေ ၁၂၀၊ အနံ ပေ ၃၀ ရှိသည်။

ယင်းနောက် စစ်ကိုင်းမြို့နယ်မှ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများ၊ အောင်ချက်မြင့်မားသော ကျောင်းများနှင့် သင်ပြမှုထူးချွန်သော ဆရာ၊ ဆရာမများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို နံနက် ၁၀ နာရီခွဲတွင် စစ်ကိုင်းမြို့ မြို့တော်ခန်းမဆောင်၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပညာရေးကို ဆက်လက်ကြိုးပမ်းကြရန် ရှင်းလင်းမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး **(အပေါ်ပုံ)**က ငါးဘာသာဂုဏ်ထူးရရှိသူ ခြောက်ဦး၊ လေးဘာသာဂုဏ်ထူးရရှိသူ ခုနစ်ဦး၊ သုံးဘာသာဂုဏ်ထူးရရှိသူ ခုနစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရရှိသူ ၁၆ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရရှိသူ ၉၂ ဦး စုစုပေါင်း ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူ ၁၂၈ ဦးတို့အား လည်းကောင်း ၊ ဒုတိယဝန်ကြီးက အောင်ချက်မြင့်မားသော ကျောင်း ခုနစ်ကျောင်းအား လည်းကောင်း၊ တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးစောမြင့်ဦးက သင်ပြမှု ထူးချွန်သော ဆရာ၊ ဆရာမ ၉၃ ဦးတို့အား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိတ္ထီလာတွင် သုတလွင်စာကြည့်တိုက် အဆောက်အုံသစ်ဖွင့်လှစ်

မိတ္ထီလာ ဇူလိုင် ၁၀

မိတ္ထီလာမြို့ ကဖြူကျေးရွာ သုတလွင်စာကြည့်တိုက် အဆောက်အအုံသစ် **(အောက်ပုံ)**ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၉ ရက် နံနက်ပိုင်းက အဆိုပါ စာကြည့်တိုက်တွင် ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးမျိုးမင်းဇော်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမောင်အေးတို့က စာကြည့်တိုက်အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စာကြည့်တိုက်အတွက် အလှူရှင်များက ငွေပဒေသာပင်နှင့် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းကြရာ စာကြည့်တိုက် ကော်မတီဝင်များက လက်ခံရယူကြသည်။

(၅၇၉)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်၊ စာစောင်များလှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိသဖြင့် စေတနာရှင်၊ အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ဖန်မီးအိမ်စာကြည့်တိုက် ဇလွန်မြို့၌ ဖွင့်လှစ်

နေပြည်တော် ဇူလိုင် ၁၀

ဇလွန်မြို့နယ် သဖန်းကုန်းကျေးရွာအုပ်စု သဖန်းကုန်းကျေးရွာ ဖန်မီးအိမ်စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲကို ဇွန် ၂၄ ရက်က အဆိုပါ စာကြည့်တိုက်၌ ကျင်းပရာ စာကြည့်တိုက်အဆောက်အအုံသစ်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်သိန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးမြင့်သိန်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးကြည်ညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

(မြို့နယ်ပြန်/ဆက်)

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

ကမ္ဘာ့လူဦးရေနေ့

လူဦးရေသန်းခုနစ်ထောင်ရဲ့ဝန်တာ၊ ထမ်းဆောင်နေတဲ့ ဒို့ရဲ့ကမ္ဘာ

The world at 7 Billion

၂၀၁၁ ခုနှစ်၊ ဇူလိုင်လ (၁၁) ရက်

မြန်မာနိုင်ငံတောင်ပိုင်းဒေသများ မိုးဆက်လက်ပိုနေမည်

နေပြည်တော် ဇူလိုင် ၁၀

စဉ်	တိုင်းဒေသကြီးနှင့်ပြည်နယ်	အပူချိန်(စင်တီဂရိတ်)		မနက်ဖြန်အတွက်	
		အမြင့်ဆုံး	အနိမ့်ဆုံး	ခန့်မှန်းချက်	ရွာရန်ရာနှုန်း
၁	ကချင်ပြည်နယ်	၃၅	၂၆	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၂	ကယားပြည်နယ်	၃၁	၂၂	နေရာကွက်ကျားမိုးထစ်ချုန်း	၈၀%
၃	ကရင်ပြည်နယ်	၃၃	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်း	၈၀%
၄	ချင်းပြည်နယ်	၂၄	၁၄	နေရာကျဲကျဲမိုးထစ်ချုန်း	၈၀%
၅	စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)	၃၄	၂၅	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၆	စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)	၄၁	၂၇	နေရာကွက်ကျားမိုးထစ်ချုန်း	၈၀%
၇	တနင်္သာရီတိုင်းဒေသကြီး	၂၈	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်း (နေရာကွက်၍မိုးကြီးနိုင်)	၈၀%
၈	ပဲခူးတိုင်းဒေသကြီး	၃၄	၂၃	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၉	မကွေးတိုင်းဒေသကြီး	၄၀	၂၇	နေရာကွက်ကျားမိုးထစ်ချုန်း	၈၀%
၁၀	မန္တလေးတိုင်းဒေသကြီး	၃၇	၂၈	နေရာကျဲကျဲမိုးထစ်ချုန်း	၈၀%
၁၁	မွန်ပြည်နယ်	၃၁	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်း (နေရာကွက်၍မိုးကြီးနိုင်)	၈၀%
၁၂	ရန်ကုန်တိုင်းဒေသကြီး	၃၄	၂၆	နေရာအနှံ့အပြားမိုးထစ်ချုန်း	၈၀%
၁၃	ရခိုင်ပြည်နယ်	၃၁	၂၅	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၁၄	ရှမ်းပြည်နယ်(တောင်ပိုင်း)	၂၇	၁၉	နေရာကျဲကျဲမိုးထစ်ချုန်း	၈၀%
၁၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၃၂	၂၁	နေရာကျဲကျဲမိုးထစ်ချုန်း	၈၀%
၁၆	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၃၂	၂၃	နေရာကျဲကျဲမိုးထစ်ချုန်း	၈၀%
၁၇	ဧရာဝတီတိုင်းဒေသကြီး	၃၂	၂၆	နေရာအနှံ့အပြားမိုးထစ်ချုန်း	၈၀%
၁၈	နေပြည်တော်နှင့် အနီးတစ်ဝိုက်	၃၄	၂၄	နေရာကွက်ကျားမိုးထစ်ချုန်း	၈၀%
၁၉	ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်	၃၄	၂၆	နေရာကွက်ကျားမိုးထစ်ချုန်း	၈၀%
၂၀	မန္တလေးမြို့နှင့် အနီးတစ်ဝိုက်	၃၇	၂၈	နေရာကွက်ကျားမိုးထစ်ချုန်း	၆၀%

ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသ တိုင်းထွာချက် အကျဉ်းချုပ်	လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ကရင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မြိတ်မြို့တွင် ၄ ဒသမ ၉၆ လက်မ၊ ကျိုက်မရောမြို့တွင် ၃ ဒသမ ၇၄ လက်မ၊ ဘားအံမြို့တွင် ၃ ဒသမ ၅၄ လက်မ၊ လောင်းလုံမြို့တွင် ၃ ဒသမ ၅၀ လက်မ၊ မော်လမြိုင်မြို့တွင် ၃ ဒသမ ၃၄ လက်မ၊ ရေးမြို့နှင့် ကော့သောင်းမြို့တို့တွင် ၃ ဒသမ ၁၅ လက်မစီနှင့် ချောင်းဆုံမြို့တွင် ၂ ဒသမ ၈၃ လက်မတို့ ဖြစ်ကြသည်။
ဘင်္ဂလားပင်လယ်အော်အခြေအနေ	ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားနည်းနေသည်။
မြန်မာ့ပင်လယ်ပြင်အခြေအနေ	မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။
နောက်နှစ်ရက်အတွက်ခန့်မှန်းချက်	မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။

ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်

ဝေါ ဇူလိုင် ၁၀

ဝေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၁၁-၁၀၁၂ ဘဏ္ဍာရေးနှစ် ပထမ သုံးလပတ်တွင် ဆောင်ရွက်လျက်ရှိသော သခင်မြလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းအား ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးရဲမြင့်ထွန်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင် အရာရှိ ဦးသန့်ဇင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်သန်းတို့ ရှင်းလင်းတင်ပြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ဥတုရာသီ တောကိုမှီ၏

11-7)09.pmd 1 7/11/2011, 6:00 AM

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဇူလိုင် ၁၀

၂၀၁၁ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို သတ်မှတ်နေရာများ၌ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

နေပြည်တော်ကွင်း(၁) အုပ်စု(က)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန လေးဂိုး
(ရဲနိုင်ထွန်း၊ကျော်ဖြိုးဝေ၊ခင်မောင်လွင်၊ကျော်ဌေးအောင်)
တရားရုံးချုပ် နှစ်ဂိုး
(နေဦးမောင်)
ဒိုင်လူကြီး ဦးတင်ထွန်းလေး

နေပြည်တော်ကွင်း(၂) အုပ်စု(ခ)

ဆောက်လုပ်ရေးဝန်ကြီးဌာန ငါးဂိုး
(မျိုးမြင့်ဝေနှစ်ဂိုး၊ ထူးကိုကိုနိုင်၊ နိုင်စွမ်းပိုင်ဦး၊ ဝန်လာဝမ်းနား)
စီးပွား/ကူးသန်း ဝန်ကြီးဌာန တစ်ဂိုး
(ဝင်းမင်းမြတ်)

ဒိုင်လူကြီး ဦးသောင်းရွှေမိုး(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

လယ်ဝေးအားကစားကွင်းအုပ်စု(ခ)

အမှတ်(၁)စက်မှုဝန်ကြီးဌာန နှစ်ဂိုး
(အောင်မျိုးထွန်း၊ ဇေယျာဖြိုး)
စွမ်းအင်ဝန်ကြီးဌာန တစ်ဂိုး
ရန်နိုင်အောင်
ဒိုင်လူကြီး ဦးကျော်လွင် (မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

သတင်းမှတ်စု ဇော်မင်းအောင် (၁၀၇)

ယနေ့ အမှတ်(၁) နေပြည်တော် အားကစားကွင်း၌ ကျင်းပသော ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်သို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်နှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူတို့ လာရောက်ကြည့်ရှုအားပေး ကြသည်။

ယှဉ်ပြိုင်ကစားကြမည်

ဇူလိုင် ၁၁ ရက် (တနင်္လာနေ့)ပွဲစဉ်များအဖြစ် အမှတ်(၁) နေပြည်တော် အားကစားကွင်း၌ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့် လယ်/ဆည် ဝန်ကြီးဌာနအသင်း၊ အမှတ်(၂)နေပြည်တော် အားကစားကွင်း၌ အလုပ်သမားဝန်ကြီးဌာနအသင်းနှင့် သတ္တုတွင်းဝန်ကြီးဌာနအသင်း၊ နေပြည်တော်လယ်ဝေး အားကစားကွင်း၌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အသင်းနှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

၂၀၁၁ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်တွင် နေပြည်တော် လယ်ဝေးအားကစားကွင်း၌ အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းနှင့် စွမ်းအင်ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။ (သတင်းစဉ်)

တတိယအကြိမ်မြောက် ပန်ကြပ်ဆီလတ်(လက်သိုင်း)ပြိုင်ပွဲဝင်ရန် မြန်မာ့လက်ရွေးစင်သိုင်းအသင်း မလေးရှားနိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဇူလိုင် ၁၀

၂၀၁၁ခုနှစ် ဇူလိုင် ၁၀ ရက်မှ ၁၅ ရက်အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပမည့် တတိယအကြိမ်မြောက် ပန်ကြပ်ဆီလတ် (လက်သိုင်း)ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင်သိုင်းအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် မလေးရှားနိုင်ငံသို့ထွက်ခွာသွားရာ မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ရဲမှူးချုပ် သူရဘိုနီနှင့်အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

မြန်မာ့သိုင်းအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အုပ်ချုပ်သူ ဒေါ်ယွပ်ဆိုင်းအိန်၊ နည်းပြသုံးဦး၊ အမျိုးသားအားကစားသမားငါးဦးနှင့် အမျိုးသမီးအားကစားသမားသုံးဦး စုစုပေါင်း ၁၂ ဦး လိုက်ပါသွားကြသည်။

(သတင်းစဉ်)

(၄၂)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၀

၂၀၁၁ ခုနှစ် (၄၂)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်အားကစားသမားများ ကွင်းအတွင်းနေရာယူကြပြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်ထံ ယမန်နှစ် ချန်ပီယံအသင်းများဖြစ်ကြသည့် စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသမီးအသင်းနှင့် ရှမ်းပြည်နယ် အမျိုးသားအသင်းတို့က တံခွန်စိုက်ဒိုင်းဆုများ ပြန်လည်အပ်နှံကြသည်။

ထို့နောက် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် **(အပေါ်ပုံ)** က အဖွင့်အမှာစကားပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြိုင်ပွဲများကို ကျင်းပရာ ယမန်နှစ် အမျိုးသား ချန်ပီယံအသင်းဖြစ်သည့် ရှမ်းပြည်နယ်အသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။ယခုနှစ်တွင် ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၁ သင်းနှင့် အမျိုးသမီးအသင်းရှစ်သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲများကို ဇူလိုင် ၉ ရက်မှ ၁၅ ရက်အထိ ကျင်းပသွားမည် ဖြစ်သည်။

(သတင်းစဉ်)

ကမ္ဘာ့ဖလားအမျိုးသမီးဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ ပြင်သစ်၊ ဂျပန်နှင့် ဆွီဒင်တို့ အကြိုဗိုလ်လုပွဲတက်

ဘာလင် ဇူလိုင် ၁၀

ဂျာမနီနိုင်ငံတွင် ကျင်းပလျက်ရှိသည့် ကမ္ဘာ့ဖလားအမျိုးသမီးဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များတွင် ပြင်သစ်၊ ဂျပန်နှင့် ဆွီဒင်တို့ နိုင်ပွဲအသီးသီးရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

အင်္ဂလန် ၁ - ၁ ပြင်သစ်
(ပယ်နယ်တီ ၃ - ၄)

အုပ်စု (B) မှ ပထမဖြင့် တက်လာသည့် အင်္ဂလန်နှင့် အုပ်စု (A) မှ ဒုတိယဖြင့် တက်လာသည့် ပြင်သစ်တို့ ယမန်နေ့က ကွာတားဖိုင်နယ် ပထမပွဲစဉ်အဖြစ် ကစားခဲ့ရာ သာမန်ပွဲကစားချိန် မိနစ် ၉၀ အတွင်း တစ်ဖက်တစ်ဂိုးစီ သရေကျနေ၍ အချိန်ပို ဆက်လက်ကစားခဲ့ရသည်။ အချိန်ပိုပြီးဆုံးသည်အထိ ပွဲအဖြေမှာ မပြောင်းလဲခဲ့၍ ပယ်နယ်တီ အဆုံးအဖြတ် ကန်ခဲ့ရသည်။ ထိုသို့ ပယ်နယ်တီကန်သွင်းရာတွင် အင်္ဂလန်က သုံးဂိုးသာဝင်ပြီး ပြင်သစ်က လေးဂိုးဝင်ခဲ့၍ ပြင်သစ်အသင်း အကြိုဗိုလ်လုပွဲတက်ခွင့်ရသွားသည်။

ဂျာမနီ ၀ - ၁ ဂျပန်

ကွာတားဖိုင်နယ် ဒုတိယပွဲစဉ်ဖြစ်သည့် ဂျာမနီနှင့် ဂျပန်တို့ပွဲမှာ အကြိတ်အနယ်ရှိခဲ့သည့် ပွဲကောင်းတစ်ပွဲ ဖြစ်ခဲ့သည်။ ဤပွဲတွင် အိမ်ရှင်ဂျာမနီတို့ ဂျပန်ဂိုးပေါက်ကို ၂၃ ကြိမ်ခြိမ်းခြောက်နိုင်ခဲ့သော်လည်း ဂိုးအဖြစ် မဖန်တီးနိုင်ခဲ့ပေ။ ဤပွဲသည်လည်း သာမန်ပွဲကစားချိန် မိနစ် ၉၀ အတွင်း ဂိုးမရှိသရေပွဲဖြစ်နေ၍ အချိန်ပို ဆက်လက်ကစားခဲ့ရာ အချိန်ပို ၁၀၈ မိနစ်အရောက်တွင် ဂျပန်အသင်းမှ တိုက်စစ်မှူး ယူကီနာဂါဆာတိုအစား လူစားဝင်လာသည့် ကာရီနာမာရူယာမက ဂျပန်အတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို သွင်းပေးနိုင်ခဲ့သည်။ **(အောက်ပုံ)** ထို့နောက်ပိုင်းတွင် ဂျာမနီအသင်း ချေပဂိုးပြန်လည်သွင်းယူနိုင်ခြင်းမရှိခဲ့၍ ဂျပန်အသင်း အကြိုဗိုလ်လုပွဲသို့ တက်နိုင်ခဲ့သည်။

ဆွီဒင် ၃ - ၁ ဩစတြေးလျ

တနင်္ဂနွေနေ့ ညနေပိုင်းက ဆွီဒင်နှင့် ဩစတြေးလျတို့ ကွာတားဖိုင်နယ် တတိယပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့ရာ ဆွီဒင်က သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရပြီး အကြိုဗိုလ်လုပွဲတက်သွားပြီဖြစ်သည်။ ဆွီဒင်အသင်းသည် ဩစတြေးလျအပေါ် ဘောလုံးပိုင်ဆိုင်မှု အသာစီးရယူနိုင်ခြင်း မရှိခဲ့သော်လည်း အပိုင်ဂိုးသွင်းခွင့်များကို ဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့ခြင်းကြောင့် အကြိုဗိုလ်လုပွဲသို့ တက်နိုင်ခဲ့ခြင်းဖြစ်သည်။

ESPN

ဟန်သစ်





သန်လျင် အထက(၁) တက္ကသိုလ်ဝင်စာမေးပွဲအောင် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၀

သန်လျင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုပွဲအခမ်းအနားကို ဇူလိုင် ၁ ရက်က အဆိုပါကျောင်း ပတ္တမြားခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မိဘဆရာအသင်း ကျောင်းအကျိုးတော်ဆောင်အဖွဲ့ နာယက ဦးတင်ဝင်း **(ယာပုံ)**နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်စောမြဦးတို့က ဂုဏ်ပြုအမှာစကားများ ပြောကြားပြီး တက္ကသိုလ်ဝင်စာမေးပွဲအောင် ကျောင်းသား၊ ကျောင်းသူများက သင်ကြားပြသပေးခဲ့ကြသည့် ဆရာ၊ ဆရာမများအား ဂါရဝပြု ပူဇော်ကန်တော့ကြသည်။

သန်လျင် အထက(၁)မှ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် ငါးဘာသာဂုဏ်ထူးရှင် သုံးဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၂ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် လေးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ငါးဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၃၄ ဦး စုစုပေါင်း ဂုဏ်ထူးရှင် ၅၈ ဦး ရရှိခဲ့သည်။

(၅၂၇)

ဖွင့်လှစ်ပို့ချ

ရောဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့ ရွာလယ်ကျောင်းသစ် ပရိယတ္တိစာသင်တိုက်၌ ဇွန် ၅ ရက်မှစ၍ ကျောင်းသား၊ ကျောင်းသူ ၄၀၀ အား ဗုဒ္ဓဘာသာ လူငယ်ယဉ်ကျေးမှု တနင်္ဂနွေ အပတ်စဉ်သင်တန်းကို ဖွင့်လှစ် ပို့ချစဉ်။ (ကြေးမုံ)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲတွင် ပြည်တွင်း ပြည်ပ ရတနာကုန်သည်များ ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူနေကြစဉ်။ (သတင်းစဉ်)

ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲ ဆက်လက်ကျင်းပ ကျောက်စိမ်းအတွဲများကို ဈေးပြိုင်ပေး၍ အပြိုင်အဆိုင်ဝယ်ယူ

နေပြည်တော် ဇူလိုင် ၁၀

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ကျောက်မျက်ရတနာပြတိုက်အနီးရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြပွဲဗဟိုကော်မတီ နာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် လာရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့◆

အင်တာနက် တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေးသတင်း | ဘာသာပြန် ရောမောင်

ရေငန်မိကျောင်းလေ့လာရေးသိပ္ပံစီမံကိန်း မလေးရှား၌ စတင်အကောင်အထည်ဖော်

ကွာလာလမ်ပူ ဇူလိုင် ၁၀

မလေးရှားနိုင်ငံ၌ ရေငန်တွင် ကျက်စားနေထိုင်သော မိကျောင်းများ၏ အမူအကျင့်ကို သိရှိနိုင်ရန် တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေး သိပ္ပံပညာရှင်များက သုံးနှစ်ကြာမြင့်မည့် သုတေသနစီမံကိန်းတစ်ရပ်ကို စတင်လိုက်ပြီဖြစ်သည်။

မလေးရှားနိုင်ငံ ဆာဘားပြည်နယ်ရှိ ကင်နာဘာတန်ဂါမြစ်အတွင်း လွန်ခဲ့သည့်လက ရေငန်မိကျောင်းတစ်ကောင်ကို ဖမ်းဆီးရမိခဲ့သည်။ သိပ္ပံပညာရှင်များသည် အဆိုပါမိကျောင်း၏ ကိုယ်ပေါ်၌ အီလက်ထရွန်နစ်စနစ်သုံး သတ္တုပြားတစ်ခုကို တပ်ဆင်ကာ ဂြိုဟ်တုမှတစ်ဆင့် ထောက်လှမ်းလေ့လာသွားမည်ဖြစ်သည်။

သိပ္ပံပညာရှင်များသည် အီလက်ထရွန်နစ်သတ္တုပြား တပ်ဆင်ထားသော မိကျောင်းကို ပြန်လည်လွှတ်ပေးခဲ့ပြီးချိန်မှစ၍ ယင်းမိကျောင်း သွားလာနေထိုင်ပုံနှင့် **စာမျက်နှာ ၇ ကော်လံ ၁ သို့**❑

မလေးရှားနိုင်ငံ ဆာဘားပြည်နယ်၌ ကျက်စားနေသော ရေငန်မိကျောင်းတစ်ကောင်ကို တွေ့ရစဉ်။ ဓာတ်ပုံ-အင်တာနက်